# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်၊ အင်္ဂါနေ့။ Tuesday, 15 February 2022 ၁၀၆၅၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးနှင့် လွိုင်မွေတောင်စခန်းမြို့ရှိ စတုရင္ဂသုမင်္ဂလ စေတီတော်အား ဖူးမြော်ကြည်ညို၊ လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဦးရွှေကြိမ်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒေါက်တာဒေါ်ရင်ရင်နွယ်၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကို၊ ဦးလှမိုး၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူတို့လိုက်ပါ၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးနှင့် လွိုင်မွေတောင်စခန်းမြို့ရှိ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံမြို့ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။

**ယနေ့** ဖတ်စရာ

## ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု ဒုတိယနေ့တွင် ပြည်သူများ တစ်ခဲနက် လာရောက်လေ့လာကြည့်ရှု

စာမျက်နှာ » ၁၀



## စားသုံးသူတို့ကျန်းမာရေး စားသုံးဆီအရည်အသွေး ထိန်းသိမ်းပေး

ဆောင်းပါး စာမျက်နှာ » ၁၆

## ပဲခူးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ပေးခဲ့သော ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာ တိုက်ခန်းများ

ဆောင်းပါး စာမျက်နှာ » ၁၈

# ပြည်တွင်းအင်အားဖြင့် မျှော်မှန်းချက်များဖော်ဆောင်

"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဟုဆိုပါသည်။ သူတစ်ပါး၏ အကူအညီဟူသည် အတိုင်းအတာတစ်ခု အထောက်အပံ့တစ်ခုသာဖြစ်၍ ရေရှည်တွင် ကိုယ့်ခွန်ကိုယ့်အားသာ အဓိကကျပါသည်။ သူတစ်ပါးအကူအညီဖြင့် ရပ်တည်ရှင်သန်ခြင်းသည် သူတစ်ပါးနှာခေါင်းပေါက်နှင့် အသက်ရှူရသည်နှင့်တူပေသည်။ စွမ်းအားအပြည့်အဝမရှိပေ။ သူတစ်ပါးအစွမ်းအစဖြင့် ရှင်သန်ရပ်တည်ရသဖြင့် ရေရှည်တည်တံ့ခိုင်မြဲခြင်းလည်းမရှိပေ။

တိုးတက်ဖွံ့ဖြိုးနေသောနိုင်ငံများသည် ကိုယ့်ခွန်ကိုယ့်အား ပြည်တွင်းအားဖြင့် မိမိတို့နိုင်ငံကို မိမိတို့အင်အားဖြင့် တည်ဆောက်ထားကြသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ပကတိအခြေအနေများအရ ပြည်ပအကူအညီများလိုအပ်နေသည်မှန်သော်လည်း ပြည်တွင်း၌ ကိုယ်ပိုင်စွမ်းအားများရှိနေ၍ ပြည်တွင်းအားကို မပစ်ပယ်အလေးထားရမည်ဖြစ်သည်။ ပြည်ပအကူအညီဟူသည် စေတနာသန့်သန့်ဖြင့် ကူညီမှုများရှိသကဲ့သို့ အနှောင်အဖွဲ့မကင်းသော မစစ်မှန်သည့်ကူညီမှုများလည်းရှိပေသည်။ ထို့ကြောင့် ပြည်တွင်းအားသည်သာ စစ်မှန်၍ ခွန်အားပြည့်ဝသော အားအစစ်အမှန်ဖြစ်ပေသည်။

၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စု၏အင်အားကို တည်ဆောက်နိုင်ရန်အတွက် (၁) ပြည်တွင်းအားနှင့် ပြည်တွင်းစီးပွားရေးကို တိုးတက်မြှင့်တင်ရန်၊ (၂) ပြည်တွင်းနိုင်ငံရေးခိုင်မာအားရှိရန်၊ (၃) တိုင်းရင်းသားပြည်သူများအားလုံးပါဝင်သည့် ကာကွယ်ရေးစွမ်းအားလုပ်ဆောင်ရန်ဟူသည့် မျှော်မှန်းချက်များကို အသိပေးပြောကြားထားရာ တိုင်းရင်းသားမိဘပြည်သူများအားလုံး ပူးပေါင်းလုပ်ဆောင်ကြခြင်းဖြင့် မြန်မာ့ဂုဏ်ကို မြှင့်တင်နိုင်ရန် လိုအပ်ပါသည်။

နိုင်ငံတစ်နိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါ ဂုဏ်တင့်တယ်စွာရပ်တည်နိုင်ရန်အတွက် ပြည်တွင်းစီးပွားရေး၊ နိုင်ငံရေး၊ ကာကွယ်ရေးစွမ်းအားများ တောင့်တင်းခိုင်မာအားကောင်းစေရန် ကြိုးပမ်းလုပ်ဆောင်နေကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် ပထမအချက်အနေဖြင့် တိုင်းပြည်သာယာဝပြောမှုရှိရန်၊ စားရေရိက္ခာပေါများရန်။ ဒုတိယအချက်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်ရန်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ် တည်ဆောက်ရန်နှင့် တတိယအချက်အနေဖြင့် နိုင်ငံ၏နေအင်အား တိုးတက်လာချိန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာချိန်၊ နိုင်ငံရေးအရလည်း တည်ငြိမ်မှုရှိလာသည့်အချိန်တွင် နိုင်ငံ၏လုံခြုံရေးကို အပြည့်အဝကာကွယ်ပေးနိုင်သည့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အား ပြည်တွင်းအားဖြင့် တည်ဆောက်၍ စွမ်းရည်ရှိသည့်တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရန် မျှော်မှန်းထားသည်။

မျှော်မှန်းချက်များကို အကောင်အထည်ပေါ်အောင်ဆောင်ရွက်ရာ၌ ပြည်တွင်းစီးပွားရေးမြှင့်တင်ရေးကို ဦးစွာဆောင်ရွက်နေသည်။ ပြည်တွင်း၌ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များ ပေါများကြွယ်ဝလှသဖြင့် ပြည်တွင်းထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်ကာ ပြည်ပမှီခိုအားထားမှုကိုလျှော့ချ၍ အသုံးပြုကြရမည်ဖြစ်သည်။ မြေပေါ်မြေအောက်သဘာဝသယံဇာတများနှင့် လူသားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်မည်ဆိုပါက နိုင်ငံမှာ မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံရေးအားကောင်းလာစေရန်အတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို စစ်မှန်ခိုင်မာအားကောင်းလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အား ထိုသုံးရပ်သည် ပြည်တွင်း၌သာရှိပြီး ၎င်းတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုအထောက်အကူပြုလျက်ရှိသည်။

နိုင်ငံအတွက် မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ လိုအပ်သည်များကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေး၊ နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ပေါ်လာရေးအတွက် ညီညွတ်သည့်စွမ်းအားများဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိသည်ဟူသော ခံယူချက်၊ ယုံကြည်ချက်ဖြင့် ရည်မှန်းချက်များ အောင်မြင်အောင် မမိုတ်မသုန်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံရေး၊ စီးပွားရေးရည်မှန်းချက်များ အကောင်အထည်ပေါ်လာပါက နိုင်ငံသူ နိုင်ငံသားများအားလုံးပါဝင်သော စုစည်းညီညွတ်သည့် ကာကွယ်ရေးအင်အားစုကြီးပေါ်ထွန်းလာမည်ဖြစ်သည်။

သို့ဖြစ်ရာ မျှော်မှန်းထားသော စီးပွားရေးအင်အား၊ နိုင်ငံရေးအင်အား၊ ကာကွယ်ရေးအင်အားများဖြစ်ထွန်းလာရန်အတွက် ပြည်တွင်းမှ စုစည်းညီညွတ်သောအင်အားများဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံ ပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြု လက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၄ - ၂-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၃၀၀ | ၁,၆၅၅ | ၁၃,၅၇၃,၀၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၀၀ | ၄,၆၁၈ | ၁၃,၈၅၄,၀၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၂၅ | ၆၆,၂၅၀ |
| EFR | ၂,၈၅၀ | ၂,၈၅၀ | ၀ | ၀ |
| AMATA | ၄,၂၀၀ | ၅,၂၀၀ | ၅၉၁ | ၂,၇၀၉,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၄

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၁၀.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၉.၅၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၄.၆၀၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၄.၀၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၅၂၀ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၆၀.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၉.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၄.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၆၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်အိအိမွန်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ လွိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။

✪ ရှေ့ဖုံးမှ

စတုရဋ္ဌသုမင်္ဂလစေတီတော်အား ဖူးမြော်ကြည်ညိုပြီး လွိုင်မွေဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီလဓမ္မကုန်းသာ တောရကျောင်းတိုက် ဦးစီးပဓာန နာယက (ဝစီပိတ်)ဆရာတော် ဘဒ္ဒန္တကောဝိဒ အမှူးပြု၍ ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသို့ ရောက်ရှိဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ယင်းနောက် ဘုရားကြီးအတွက် စေတနာရှင် အလှူရှင်များမှ စုပေါင်းလှူဒါန်းသည့် ဘက်စုံ အလှူငွေကျပ် ၇၇၁ သိန်းအား ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းဟောင်ခမ်းနွံနှင့် အဖွဲ့ဝင်များက လက်ခံရယူကြသည်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်မွေတောင်စခန်းမြို့ရှိ စတုရဋ္ဌသုမင်္ဂလစေတီတော်သို့ ရောက်ရှိကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် စေတီတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ပြီး ဘက်စုံအလှူငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တဝေပုလ္လအား ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူငွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အဖွဲ့ဝင်များနှင့်အတူ စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ စေတီတော် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည်များနှင့်ပတ်သက်၍ တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင် နှစ် ၁၀၀ စံအိမ်သို့ရောက်ရှိကြပြီး စံအိမ်အတွင်း ခင်းကျင်းပြသထားသည့် လွိုင်မွေမြို့သမိုင်းနှင့် အထင်ကရနေရာများ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။ ထို့နောက် သက်တမ်း ၁၀၄ နှစ် ရှိပြီဖြစ်သည့် စံအိမ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် စံအိမ်အတွင်းရှိ အသုံးအဆောင်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းရာတွင် မူလလက်ရာမပျက် ပြန်လည်ပြင်ဆင်သွားရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိ ဘုရားကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းဟောင်ခမ်းနွံက လက်ခံရယူစဉ်။

**ရှင်းလင်းတင်ပြ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွိုင်မွေကန် ကန်ဆယ်ခြင်းလုပ်ငန်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကောင်းမှုတော်ဆည်အတွင်း ရေသိုလှောင်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လွိုင်မွေကန်သည် လွိုင်မွေအပန်းဖြေတောင်စခန်းမြို့အတွက် သဘာဝကပေးထားသည့် လက်ဆောင်ဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲရေး အမြဲမပြတ်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေ၊ ရေဝေရေလဲ ဧရိယာအတွင်းရှိ သစ်ပင်သစ်တောများကို ထိန်းသိမ်းရန်၊ အပန်းဖြေမြို့ဖြစ်သည့်အတွက် မျက်စိပသာဒဖြစ်စေရန်၊ ပတ်ဝန်းကျင်သာယာလှပရန်နှင့် လေဝင်လေထွက် ကောင်းမွန်မှုရှိစေရေး အောက်ခြေရှုပ်ချုံနွယ်များကို ရှင်းလင်းရန်နှင့် သစ်ပင်ကြီးများကို အလင်းဖွင့်ခြင်း ဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေ၊ **စာမျက်နှာ ၄ သို့** »»



နောင်တုံကန်ကို တွေ့ရစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လွိုင်မွေတောင်စခန်းမြို့နှင့် ပန်ကွဲကျေးရွာရှိ ဗုဒ္ဓဥယျာဉ်သို့ ဆက်သွယ်ပြေးဆွဲမည့် Sky Train တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကောင်းမှုတော်ဆည်အတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၃ မှ

လွိုင်မွေအပန်းဖြေတောင်စခန်းမြို့ တောင်တက်လမ်းတစ်လျှောက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်ပြီး တာဝန်ရှိသူများကို မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**မှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသဖွံ့ဖြိုးရေးအထောက်အကူဖြစ်စေရန်အတွက် လွိုင်မွေအပန်းဖြေတောင်စခန်းမြို့နှင့် ပန်ကွဲကျေးရွာရှိ ဗုဒ္ဓဥယျာဉ်သို့ ဆက်သွယ်ပြေးဆွဲမည့် Sky Train တည်ဆောက်မည့် မြေနေရာသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ယာဉ်ရပ်နားမည့်နေရာနှင့် လမ်းများသွားလာမှုအဆင်ပြေစေရေး ရေရှည်ကိုမြော်တွေး၍ စနစ်တကျ တွက်ချက်တည်ဆောက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နောင်တုံကန်အနီး၌ ကျိုင်းတုံဟော်နန်း ပုံစံတူတည်ဆောက်မည့် မြေနေရာအားသွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



နောင်တုံကန်အနီး၌ ကျိုင်းတုံဟော်နန်းပုံစံတူတည်ဆောက်မည့် မြေနေရာကို တွေ့ရစဉ်။

ထို့နောက် နောင်တုံကန် ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ကန်ပတ်လမ်း အဆင့်မြှင့်တင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကန်ပတ်လမ်းတွင် ပြည်သူများ လွတ်လပ်စွာဖြင့် ကိုယ်လက်လှုပ်ရှား အားကစားများ ပြုလုပ်နိုင်ရန်နှင့် အပန်းဖြေနိုင်ရန် ကန်ပတ်လမ်းဘေးတွင် လျှောက်လမ်း အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်အတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းနှင့် ကန်ပတ်လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘက်စုံပို့ဆောင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ဘက်စုံပို့ဆောင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်၊ ၃ /၂၀၂၂**
၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဘက်စုံပို့ဆောင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ထ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ထ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။"

၃။ ဘက်စုံပို့ဆောင်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဒ)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဂ)တို့တွင် ပါရှိသော "ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန" ဆိုသည့်စကားရပ်ကို "ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ၂၀၂၂ ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ အချိန်စာရင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၂၀၂၂ခုနှစ် အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ ကျင်းပမည့် အချိန်စာရင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။ အဆိုပါ အချိန်စာရင်း အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်သည်။

**အစိုးရဓမ္မာစရိယစာမေးပွဲ အချိန်စာရင်း**

| ရက်စွဲ | အချိန် | ဘာသာ |
|---|---|---|
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၁)ရက် (၃၀-၄-၂၀၂၂)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၂)ရက် (၁-၅-၂၀၂၂)၊ တနင်္ဂနွေနေ့ | - | ကမ္ဘာ့အလုပ်သမားများနေ့<br>နားရက် |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၃)ရက် (၂-၅-၂၀၂၂)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ပါရာဇိကကဏ္ဍပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၄)ရက် (၃-၅-၂၀၂၂)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၅)ရက် (၄-၅-၂၀၂၂)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>သီလက္ခန္ဓဝဂ္ဂပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၆)ရက် (၅-၅-၂၀၂၂)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၇)ရက် (၆-၅-၂၀၂၂)၊ သောကြာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | ကျမ်းရင်း<br>ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ (၂) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၈)ရက် (၇-၅-၂၀၂၂)၊ စနေနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၄) နာရီအထိ | **မြန်မာဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိအဋ္ဌကထာ<br>မဇ္ဈိမနိကာယပါဠိအဋ္ဌကထာ<br>သံယုတ္တနိကာယပါဠိအဋ္ဌကထာ<br>အင်္ဂုတ္တရနိကာယပါဠိအဋ္ဌကထာ<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ<br>ပဋ္ဌာန်းသမ္ဘိဒါမဂ္ဂပါဠိအဋ္ဌကထာ |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၉)ရက် (၈-၅-၂၀၂၂)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၁)<br>သုတ်မဟာဝါ၊ သုတ်ပါထိက ပါဠိအဋ္ဌကထာ (၁)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၁) |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက် (၉-၅-၂၀၂၂)၊ တနင်္လာနေ့ | မွန်းတည့်(၁၂)နာရီမှ ညနေ (၄) နာရီအထိ | **ပါဠိဂုဏ်ထူး**<br>ပါစိတျာဒိပါဠိအဋ္ဌကထာ (၂)<br>သုတ်မဟာဝါ၊ သုတ်ပါထိကပါဠိ အဋ္ဌကထာ (၂)<br>ဝိဘင်္ဂါဒိပါဠိအဋ္ဌကထာ (၂) |

**ပါဠိပထမပြန်စာမေးပွဲအချိန်စာရင်း**

| ရက်စွဲ | အချိန် | အတန်း | ဘာသာရပ် |
|---|---|---|---|
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၈)ရက် (၇-၅-၂၀၂၂)၊ စနေနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဝိနည်းကျင့်ဝတ်/ သုကုမာရမဂ္ဂဒီပနီ<br>ဘိက္ခုပါတိမောက်ဘာသာ/ ဓမ္မပဒ<br>ဒွေမာတိကာဘာသာ/ ဓမ္မပဒ<br>〃 |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၉)ရက် (၈-၅-၂၀၂၂)၊ တနင်္ဂနွေနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ကစ္စည်းသဒ္ဒါကြီးဘာသာ<br>〃<br>〃<br>〃 |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက် (၉-၅-၂၀၂၂)၊ တနင်္လာနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | အဘိဓမ္မတ္ထသင်္ဂဟဘာသာ<br>〃<br>〃<br>〃 |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၁၁)ရက် (၁၀-၅-၂၀၂၂)၊ အင်္ဂါနေ့ | မွန်းတည့်(၁၂)နာရီ မှ ညနေ (၃)နာရီထိ | အခြေပြုမူလတန်း<br>ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | တိကမာတိကာ<br>တိကမာတိကာ၊ ဒုကမာတိကာနှင့် ဓာတုကထာဘာသာ<br>သုတ္တန္တိကမာတိကာနှင့် ဓာတုကထာဘာသာ<br>အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာ |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက် (၁၁-၅-၂၀၂၂)၊ ဗုဒ္ဓဟူးနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | ပထမငယ်တန်း<br>ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ယမိုက်အောက်(၅)ကျမ်းဘာသာ<br>ယမိုက်အထက်(၅)ကျမ်းဘာသာ |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း(၁၃)ရက် (၁၂-၅-၂၀၂၂)၊ ကြာသပတေးနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | ပထမလတ်တန်း<br>ပထမကြီးတန်း | ဘာသာပြန်ဘာသာ<br>ပဋ္ဌာန်းကုသလတိက်ဘာသာ |
| ၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက် (၁၃-၅-၂၀၂၂)၊ သောကြာနေ့ | မွန်းတည့်(၁၂) နာရီမှ ညနေ (၃)နာရီထိ | ပထမကြီးတန်း | ဘာသာပြန်ဘာသာ |

မှတ်ချက်။ လူနှင့်သီလရှင်များသည် (၇-၅-၂၀၂၂)ရက်နေ့တွင် ဝိနည်းဘာသာအစား ပထမကြီးတန်း၌ ဓမ္မပဒပါဠိ အဋ္ဌကထာ (သုခဝဂ်မှအဆုံးထိ)၊ ပထမလတ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ (ပဏ္ဍိတဝဂ်မှ ဗုဒ္ဓဝဂ်အဆုံးထိ)၊ ပထမငယ်တန်း၌ ဓမ္မပဒပါဠိအဋ္ဌကထာ(အစမှဗာလဝဂ်အဆုံးထိ)၊ အခြေပြုမူလတန်း၌ သုကုမာရမဂ္ဂဒီပနီ(လယ်တီ)တို့ကို ဖြေဆိုကြရန် ဖြစ်သည်။ **သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ရန်ကင်းပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇေယျဝတီကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွာမပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယကျောင်းတိုက်နှင့် ကျောက်မဲမြို့နယ်ရှိ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက်တို့သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ




**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၂၀၂၂ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B) ၌ ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးချစ်နိုင်၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေးနှင့် ဒေါက်တာဌေးအောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ပြိုင်ပွဲအမျိုးအစား ဝိတ်တန်းအလိုက် (၄၅-၅၀) ကီလို အမျိုးသား/အမျိုးသမီး ဓားအတိုက်ပြိုင်ပွဲ၊ (၅၇-၆၁) ကီလို အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ၊ (၆၁-၆၅) ကီလို အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲ၊ (၄၉-၅၃) ကီလို အမျိုးသမီး ဗန်တိုအတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပရာ (၆၁-၆၅) ကီလို အမျိုးသမီး ဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်ကလည်းကောင်း၊ (၆၁-၆၅) ကီလို အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်က လည်းကောင်း၊ (၄၅-၅၀) ကီလို အမျိုးသား ဓားတစ်လက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးကလည်းကောင်း၊ (၄၅-၅၀) ကီလို အမျိုးသမီး ဓားတစ်လက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က လည်းကောင်း၊ (၄၉-၅၃) ကီလို အမျိုးသမီး ဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများကို စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက လည်းကောင်း၊ (၅၇-၆၁) ကီလို အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်က လည်းကောင်း၊ (၆၁-၆၅) ကီလို အမျိုးသား ဗန်တိုအတိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် ပူးတွဲတတိယဆုရရှိသူများကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လည်းကောင်း တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာက အမျိုးသား/အမျိုးသမီး လက်သိုင်းအတိုက်ပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိသည့် မောင်ဇွဲဝေယံဖြိုး (ရှမ်း)နှင့် မဆုမြတ်နိုး (တနင်္သာရီ)၊ ဓားအတိုက်ပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိသည့် မောင်စိုင်းလင်းထွေး (ရှမ်း)နှင့် မဇင်မို့မို့ထွေး (မကွေး)တို့ကို အကောင်းဆုံးအားကစားသမားဆု (Trophy)နှင့် ဆုကြေးငွေများကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင်က ရွှေခြောက်ခု၊ ငွေခြောက်ခု၊ ကြေးတစ်ခုဖြင့် အမျိုးသားတံခွန်စိုက်ဒိုင်းရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်က ရွှေခုနစ်ခု၊ ငွေနှစ်ခု၊ ကြေးငါးခုဖြင့် အမျိုးသမီး တံခွန်စိုက်ဒိုင်းရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က ရွှေ ၁၃ ခု၊ ငွေ ရှစ်ခု၊ ကြေး ခြောက်ခုဖြင့် စုပေါင်းတံခွန်စိုက်ဒိုင်းရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို လည်းကောင်း တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

မြန်မာတို့၏ ရိုးရာအမွေအနှစ်ဖြစ်သည့် မြန်မာ့သိုင်းအားကစားနည်းကို စိတ်ပါဝင်စားပြီး လူငယ်မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေး၊ လူငယ်လူရွယ်အချင်းချင်း ချစ်ခင်စည်းလုံးညီညွတ်မှုရရှိကာ ကျန်းမာကြံ့ခိုင်သော လူငယ်များအဖြစ် နိုင်ငံ့ဂုဏ်ဆောင်မျိုးဆက်သစ် အားကစားသမားများနှင့် ရွက်ပုန်းသီးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယနိုင်ငံမှ လွတ်လပ်စွာတင်သွင်းခွင့်ပြုထားသည့် ပဲတီစိမ်းအပေါ် ကန့်သတ်တင်သွင်းရန် မူဝါဒတစ်ရပ် ပြောင်းလဲထုတ်ပြန်မှုအပေါ် ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိမည့် ပဲတီစိမ်းများ ဈေးကွက်ထိခိုက်မှုမရှိစေရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

၂၀၂၂ ခုနှစ် မတ် ၃၁ ရက်အထိ လွတ်လပ်စွာတင်သွင်းခွင့်ပြုထားသည့် ပဲတီစိမ်းအား လွတ်လပ်စွာ တင်သွင်းကုန်အဖြစ်မှ ကန့်သတ်တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ မူဝါဒပြင်ဆင်သတ်မှတ်ခဲ့ပြီး ကြေညာချက်ထုတ်ပြန်ချိန်မှ ချက်ချင်းအကျိုးသက်ရောက်မှုရှိစေမည်ဖြစ်ကြောင်း ကြေညာချက်တစ်ရပ်ကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် အိန္ဒိယနိုင်ငံ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက Notification. S.O. 624 (E) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

**ဈေးနှုန်းကျဆင်းမှုမဖြစ်ပေါ်စေရေး**

သို့ဖြစ်ရာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နောက်ပိုင်း အိန္ဒိယနိုင်ငံသို့ တင်ပို့ရန် အသင့်ဖြစ်နေပြီး ဈေးကွက်တင်ပို့ရန် အခက်အခဲကြုံတွေ့နေရသည့် ဆိပ်ကမ်းသို့ ရောက်ရှိပြီးနှင့် လမ်းကြောင်းတစ်လျှောက်ရှိ ပဲတီစိမ်း အိန္ဒိယနိုင်ငံဈေးကွက်သို့ ပုံမှန်တင်ပို့နိုင်ရေးနှင့် ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိလာမည့် ပဲတီစိမ်းများ ဈေးနှုန်းကျဆင်းမှုမဖြစ်ပေါ်စေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မြန်မာနိုင်ငံ၌ ပဲမျိုးစုံစိုက်ပျိုးမှုအနေဖြင့် စိုက်ဧက ၉ ဒသမ ၉ သန်းခန့်ရှိပြီး ပဲမျိုးစုံ တန်ချိန် ၄ ဒသမ ၁ သန်းခန့် နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ပဲတီစိမ်း ပြည်ပတင်ပို့မှုအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တန်ချိန် ခုနစ်သိန်းခန့်ကို ကမ္ဘာ့နိုင်ငံ ၆၄ နိုင်ငံသို့ တင်ပို့ခဲ့ကြောင်း၊ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဖေဖော်ဝါရီ ၄ ရက်) အထိ ပဲတီစိမ်း တန်ချိန် ၁၄၇၃၂၆ တန်ကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ခဲ့မှုအနက် အိန္ဒိယနိုင်ငံဈေးကွက်သို့ တင်ပို့မှုမှာ ၁၈၈၄၂ တန်၊ ရာခိုင်နှုန်းအားဖြင့် ၁၂ ရာခိုင်နှုန်းခန့်သာ ပါဝင်ပါကြောင်း၊ ပဲတီစိမ်းကို အိန္ဒိယဈေးကွက်သို့ ပုံမှန်ဆက်လက်တင်ပို့နိုင်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် အိန္ဒိယနိုင်ငံသို့ ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အသင်းအဖွဲ့များအနေဖြင့်လည်း ဈေးကွက်တည်ငြိမ်မှုရှိစေရေးနှင့် EU အပါအဝင် ဈေးနှုန်းပိုမိုရရှိနိုင်မည့် အခြားဈေးကွက်များသို့ တင်ပို့နိုင်ရေးအတွက်လည်း စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူများက ပဲတီစိမ်းဈေးကွက်တည်ငြိမ်ရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေး၊ ဈေးနှုန်းပိုမိုရရှိနိုင်မည့် အခြားဈေးကွက်များသို့ တင်ပို့နိုင်ရေး၊ G to G စာချုပ်ချုပ်ဆို၍ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေးတို့နှင့်ပတ်သက်ပြီး ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့ကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက်၊ အိန္ဒိယနိုင်ငံ စီးပွားရေးသံမှူးနှင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူများက Virtual စနစ်ဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အခြေခံမဲဆန္ဒရှင်စာရင်းများမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် ဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၁၄

အခြေခံမဲဆန္ဒရှင်စာရင်းများမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာနဦးစီးမှူး၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများနှင့် ဆယ်အိမ်မှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် အမှတ်စဉ် (၁) ဖြစ်သည့် မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အမှတ်စဉ် (၅) ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားတိုင်း ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိရာ နိုင်ငံသားများသည် ဥပဒေနှင့်အညီ မဲပေးရမည်ဖြစ်ကြောင်း၊ ယခု မဲစာရင်းများပြုစုရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သည့်နေရာတွင် မဲဆန္ဒရှင်စာရင်းနှင့်ပတ်သက်ပြီး ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေး၊ ဥပဒေနှင့်အညီ ပါဝင်ရမည့်သူများ ပါဝင်ခွင့်ရရှိပြီး မပါ ဝင်သင့်သူများ မပါဝင်စေရေး၊ မဲပေးပိုင်ခွင့်ရှိသူများ မဲဆန္ဒရှင်စာရင်းတွင် ကျန်ရှိမနေစေရေးတို့ကို အထူးအလေးထား၍ မြို့နယ်အလိုက် အခြေခံမဲဆန္ဒရှင်စာရင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၏ အိမ်ထောင်စုစာရင်း ပုံစံ ( ၆၆ / ၆ ) အပေါ်အခြေခံပြီး ပြုစုလျက်ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ခုအနက် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပြည်ထောင်စုနယ်မြေတို့၌ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုပြီးဖြစ်ကြောင်းနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခု တွင်လည်း မကြာမီ လုပ်ငန်းပြီးစီးတော့မည်ဖြစ်ကြောင်း။

ယနေ့တွင် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များ၌ ပြုစုပြီးဖြစ်သည့် အခြေခံမဲဆန္ဒရှင်စာရင်းများကို မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးသည့် ရှေ့ပြေးလုပ်ငန်းစီမံချက်( Pilot Project) ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန ( အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန )နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့်လည်း ပန်းခင်းစီမံချက်အရ မှတ်ပုံတင်မရှိသေးသူများကို မှတ်ပုံတင်ပြုလုပ်ပေးလျက်ရှိပြီး နိုင်ငံသားကတ် ရသင့်ရထိုက်သူများကို မှတ်ပုံတင်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့်လည်း ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်း မြေပြင်တွင် အမှန်တကယ်နေထိုင်သည့် လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းဖြင့် တိကျမှန်ကန်သောလူဦးရေစာရင်းများ ရရှိမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာတို့ ပူးပေါင်းပါဝင်၍ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတမှုအပြည့်ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ရွေးကောက်ပွဲဖြစ်ရန် နိုင်ငံ့ဝန်ထမ်းများအားလုံး အမျိုးသားရေးတာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

မဲစာရင်းများစစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစဉ်များအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဦးရေစာရင်းပုံစံ ( ၆၆ / ၆ ) အရ ကြိုတင်စာရင်းပြုစုထားပြီးဖြစ်သည့် လူဦးရေစာရင်းများကို ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် မြေပြင်လက်ရှိနေထိုင်လျက်ရှိသည့်လူဦးရေစာရင်း (ထွေ – ၁ က) များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဦးစီးအရာရှိများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ခံအရာရှိများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူး၊ ရပ်ကွက်/ ကျေးရွာအုပ်စုစာရေးများ ပါဝင်သောအဖွဲ့တို့ဖြင့် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ခရိုင်၊ မြို့နယ်များအလိုက် စာရင်းများကို ကွန်ပျူတာနည်းပညာကို အသုံးပြု၍ အပြန်အလှန်စစ်ဆေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၌ တတိယအကြိမ် ထမနဲထိုးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ တတိယအကြိမ် မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (နေပြည်တော်)၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ထမနဲထိုးပြိုင်ပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဝင်းသော်နှင့် ဒေါ်သန်းသန်းဆွေ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထမနဲထိုးယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် အမှတ်ပေး ဒိုင်လူကြီးများက အမှတ်ပေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်အကဲဖြတ် အမှတ်ပေးကြပြီး ပြိုင်ပွဲဝင်အသင်းများအား ဌာနအလိုက် အိုးစည်ဒိုးပတ်များ၊ အကအခုန်များဖြင့် အားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ပထမဆုရရှိသည့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန အသင်းအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသော်က ဒုတိယဆုရရှိသည့် ငွေကြေးလုပ်ငန်းစီမံခန့်ခွဲမှုဌာနအသင်းအားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက တတိယဆုရရှိသည့် စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဌာနအသင်းအားလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များက နှစ်သိမ့်ဆုရရှိသည့် အသင်းများအားလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

## ညောင်လေးပင်မြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

ညောင်လေးပင် ဖေဖော်ဝါရီ ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ညောင်လေးပင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၂)စက်မှုလယ်ယာစခန်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့နိုင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင်စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက သင်တန်းသားများအား ကိုဗစ် –၁၉ ရောဂါဆိုင်ရာ ကာကွယ်ရေးနည်းလမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမင်းဆွေက သင်တန်းသားများအား သင်ထောက်ကူစာရွက်စာတမ်းများပေးအပ်သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကို ဖေဖော်ဝါရီ ၁၄ ရက် မှ ၂၅ ရက်အထိ ၁၁ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



**မြန်မာ့ပင်လယ်ပြင်**

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်းနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိသလို နိုင်ငံတည်ငြိမ်ရေး၊ ပြည်သူများစားဝတ်နေရေး အဆင်ပြေပြီး စိတ်ချမ်းသာစွာ သွားလာနေထိုင်နိုင်ရေးကိုလည်း အလေးထားကြိုးစားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ပါက မြန်ဆန်စွာ အောင်မြင်မည်ဖြစ်ပါကြောင်း၊ ယခုနှစ် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကြီးကို အချိန်တိုအတွင်း ခမ်းနားထည်ဝါစွာ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်မှာ ပြည်သူများ၊ ဝန်ထမ်းများ၊ တာဝန်ရှိသူများအားလုံး၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် ဖြစ်ပါကြောင်း။

မိမိအနေဖြင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တာဝန်ရှိသူများကို လေးစားအားကိုးပါကြောင်း၊ နိုင်ငံသူ နိုင်ငံသားများအား ဘာသာတရား အခြေခံသဘောတရားများကို သိရှိအောင် အဖွဲ့မှတာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ ဘာသာတရားအပေါ် နားလည်ယုံကြည်မှုရှိလျှင် စိတ်သဘောထားရင့်ကျက် ခိုင်မာလာမည်ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း မီဒီယာနည်းလမ်းပေါင်းစုံဖြင့် ပြည်သူလူထုထံ သတင်းမှန်များ ပျံ့နှံ့ရောက်ရှိစေရေး ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍လည်း အားလုံးနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပညာရေးကို အဓိကထားပြီး အားပေးမြှင့်တင်ပေးလျက်ရှိသလို တိုင်းပြည်စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အနေဖြင့်လည်း နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဥက္ကဋ္ဌ ဦးရဲထွန်းက အသင်းဖွဲ့စည်းဆောင်ရွက်နေမှုများ၊ ၃၈ ဖြာ မင်္ဂလာတရားတော်နှင့် အဘိဓမ္မာသင်တန်းတို့ကို အွန်လိုင်းမှသင်ကြားပို့ချနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် YMBA အသင်းအတွင်းရေးမှူးနှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# အမှတ်(၇)အထည်စက်ရုံ (မြစ်သား)၌ စက်ပစ္စည်းများ ပြုပြင်မွမ်းမံနေမှုနှင့် အဆင့်မြင့်ချည်များ စမ်းသပ်ထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၁၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ရှိ အမှတ် (၇) အထည်စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် အဆင့်မြင့်ချည်များ စီးပွားဖြစ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်အရန်ပစ္စည်းများ အချိန်မီရရှိရေး စီမံဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ အလွယ်တကူ မရရှိနိုင်သည့် စက်ပစ္စည်းများကိုလည်း တီထွင်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အဆင့်မြင့်ချည်များ ထုတ်လုပ်ရာတွင် ချည်လုံးညီညာမှုရှိအောင်နှင့် သတ်မှတ်ဆွဲဆန့်အားအထိ ကျော်လွန်ခိုင်ခံ့မှုရှိရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆင့်မြင့်ချည်များ ထုတ်လုပ်ရေးအတွက် စက်ပစ္စည်းကိရိယာများ ပြုပြင်မွမ်းမံရေးလုပ်ငန်းများ အချိန်တိုအတွင်း ပြီးစီးရန် ဝန်ထမ်းအားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်ရုံလည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် ဝါဝယ်ယူရေးလုပ်ငန်းများကို သတ်မှတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီဆောင်ရွက်ရန်နှင့် လေလွင့်မှုမရှိရန် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို ကျင့်ဝတ်သိက္ခာအပြည့်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပွင့်လင်းရာသီရောက်ရှိနေပြီဖြစ်၍ မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး စီမံချက်များရေးဆွဲ၍ ဇာတ်တိုက်လေ့ကျင့်ထားရန်နှင့် မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများကိုလည်း ပြည့်စုံစွာ ဖြည့်ဆည်းထားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအတွင်း ချည်မျှင်များ ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အဆင့်မြင့်ချည်များ ထုတ်လုပ်နိုင်ရေးအတွက် စက်ပစ္စည်းများ ပြုပြင်မွမ်းမံနေသည့် အခြေအနေနှင့် အဆင့်မြင့်ချည်များ စမ်းသပ်ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန် တိုင်းဒေသကြီး/ပြည်နယ်များ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ



နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ၊ လမ်း၊ တံတား၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ၏ အလုပ်ခွင်ဝင်သင်တန်းအမှတ်စဉ်(၁/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကိုဗစ် – ၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ယခုသင်တန်းကို ဇန်နဝါရီ ၁၀ ရက်မှစပြီး ရက်သတ္တပါတ်ကြာ စာတွေ့/လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ သင်တန်းဆင်းဝန်ထမ်းများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန် တိုင်းဒေသကြီး/ပြည်နယ်များ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

သင်တန်း အဓိကရည်ရွယ်ချက်သည် ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့်ကိုက်ညီသည့် နည်းပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာသင်ယူ၍ မိမိတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်ဖြစ်ကြောင်း။

သင်တန်းသား/သင်တန်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံတော်မှ ချမှတ်ထားသည့် နိုင်ငံ့ဝန်ထမ်းဥပဒေများ၊ နည်းဥပဒေများအပြင် ဝန်ကြီးဌာနမှ သတ်မှတ်ထားသော ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာကြရန်လိုကြောင်း၊ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာပြီး ဌာနအသီးသီး၏ ပေးအပ်သည့်တာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်များက အဆောက်အဦဦးစီးဌာနမှ ၃၇ ဦး၊ လမ်းဦးစီးဌာနမှ ၁၄၂ ဦး၊ တံတားဦးစီးဌာနမှ ၂၈ ဦး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၆၄ ဦး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၈၂ ဦး စုစုပေါင်း သင်တန်းသား/သင်တန်းသူ ၄၅၃ ဦးကိုယ်စား သင်တန်းသား/ သင်တန်းသူအဖွဲ့ခေါင်းဆောင်များကို သင်တန်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ ကျောဖုံးမှ

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး ပါဝင်တက်ရောက်နိုင်ရေး အာဆီယံဥက္ကဋ္ဌအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အချို့အာဆီယံအဖွဲ့ဝင်နိုင်ငံများက ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့က ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အရေးပေါ်အစည်းအဝေးတွင် ယခင်အာဆီယံအလှည့်ကျဥက္ကဋ္ဌက တစ်ဖက်သတ်ဆုံးဖြတ်ခဲ့သည့် မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ ဖိတ်ကြားသွားရန် ဆုံးဖြတ်ချက်ကို ဆက်လက်ဆုပ်ကိုင်ထားသည်ကို တွေ့ရပါသည်။ အဆိုပါဆုံးဖြတ်ချက်သည် နိုင်ငံများ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ တန်းတူရည်တူရှိမှုစသည့် အာဆီယံပဋိညာဉ်စာတမ်း၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးစာချုပ်၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲရေးမူကြီး (၅)ချက်၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အခြေခံမူများနှင့် မြန်မာနိုင်ငံခြားရေးမူဝါဒတို့နှင့် သွေဖည်နေသည့်အတွက် ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ကျင်းပခဲ့သည့် (၃၈)ကြိမ်နှင့် (၃၉)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများတွင် မြန်မာနိုင်ငံက ပါဝင်တက်ရောက်နိုင်မှု မရှိခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနှင့် အာဆီယံအကြား ပူးပေါင်းဆောင်ရွက်ရေးတိုးတက်မှုရရှိရန် အာဆီယံဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံတို့က မည်သို့ပင်ကြိုးပမ်းစေကာမူ မြန်မာနိုင်ငံက “မူ”အရ လက်မခံနိုင်သည့် ယခင်ဆုံးဖြတ်ခဲ့သည့်အခြေအနေသို့ပြန်လည်ရောက်ရှိလာသည်ကို စိတ်မကောင်း စွာတွေ့ရပါသည်။ သို့ဖြစ်ပါ၍ အာဆီယံတွင် နိုင်ငံတိုင်း တန်းတူရည်တူ ပါဝင်တက်ရောက်ခွင့်ရှိရေးဟူသည့် မူနှင့်ထုံးတမ်းစဉ်လာများကို သွေဖည်နေသည့်အတွက် မလွဲမရှောင်သာသောအခြေအနေကြောင့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးသို့ မြန်မာနိုင်ငံက ပါဝင်တက်ရောက်နိုင်မည်မဟုတ်သကဲ့သို့ နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုလည်း စေလွှတ်တက်ရောက်စေနိုင်မည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်းပါ တန်းတူရည်တူရှိရမည့် “မူ” နှင့်အညီ လက်ရှိအာဆီယံအလှည့်ကျဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်နိုင်ငံများနှင့် အပြုသဘော ဆက်လက်ထိတွေ့ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်**

# အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

ထိုင်းနိုင်ငံက ဦးဆောင်၍ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်အထိ Virtual စနစ်ဖြင့် ကျင်းပခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပစဉ်ကာလအတွင်း ချီးမြှင့်ခဲ့သည့် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆု (ASEAN Outstanding Social Welfare and Development Award –AOSWADA) ရရှိခဲ့သော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အား ဆုပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းခန်းမ၌ Hybrid ပုံစံဖြင့် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်၊ ဒုတိယဥက္ကဋ္ဌ၊ နာယကနှင့် တိုင်းဒေသကြီး/ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျဆောင်ရွက်လျက်ရှိပြီး အာဆီယံအမျိုးသမီးရေးရာဝန်ကြီးများအဆင့် အစည်းအဝေးကို ၂၀၂၄ ခုနှစ်တွင်လည်းကောင်း၊ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၂၅ ခုနှစ်တွင် လည်းကောင်း အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ကာလအတွင်း အာဆီယံအစည်းအဝေးများကို Virtual စနစ်ဖြင့် ကျင်းပလျက်ရှိရာ ထိုင်းနိုင်ငံက ဦးဆောင်၍ ကျင်းပခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပစဉ်ကာလအတွင်း ချီးမြှင့်ခဲ့သည့် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာထူးချွန်ဆု (ASEAN Outstanding Social Welfare and Development Award) ရရှိခဲ့သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အတွက် များစွာဂုဏ်ယူမိကြောင်း။

ဆုယှဉ်ပြိုင်ရာမှာ တင်သွင်းခဲ့သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်သည် ကျေးလက်နေအမျိုးသမီးများအတွက် များစွာအကျိုးကျေးဇူးရရှိစေမည်ဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်ကြောင်း၊ အာဆီယံလုပ်ငန်းဆိုင်ရာများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်စေ၊ လူမှုဝန်ထမ်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ဖြစ်စေ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOS)များ၏ အခန်းကဏ္ဍသည် များစွာအရေးပါသည့်အတွက် နောင်လာမည့် အာဆီယံလုပ်ငန်းစဉ်များနှင့် လူမှုဝန်ထမ်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အာဆီယံထူးချွန်ဆုယှဉ်ပြိုင်ရာတွင် တင်သွင်းခဲ့သည့် ကျေးလက်နေ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်နှင့်ပတ်သက်၍ ဗီဒီယိုပြသသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း (၄/ ၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအားဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ သင်တန်းအပတ်စဉ် (၄/ ၂၀၂၂) အား (၂၁-၂-၂၀၂၂)ရက်နေ့မှ (၃၁-၃-၂၀၂၂)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည် -

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၅၃၆၂၈၀
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ X ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း-၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း-၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊
  ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များ ခင်းကျင်းပြသထားမှု ဒုတိယနေ့တွင် ပြည်သူများ တစ်ခဲနက် လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့ကြသည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များအား နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသလျက်ရှိရာ ယနေ့ ဒုတိယနေ့တွင် ပြည်သူများ တစ်ခဲနက် လာရောက်လေ့လာကြည့်ရှုကြသည်။



မကွေးတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်များရှေ့တွင် မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုအဖွဲ့ဝင်များက လာရောက်ကြည့်ရှုကြသည့် ဧည့်ပရိသတ်များအား ကပြဖျော်ဖြေစဉ်။

**လေ့လာကြည့်ရှု**

အဆိုပါ ဂုဏ်ပြုယာဉ်များတွင် ပြည်သူများ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို ချစ်ခင်တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားများ၏ အထိမ်းအမှတ်များ၊ လူနေမှုစရိုက်များ၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် ဒေသထုတ်ကုန်များကို သရုပ်ဖော်ပြသပေးထားရာ ကျောင်းသားလူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြသည်။

ထို့ပြင် လှပတင့်တယ်ခမ်းနားစွာ ခင်းကျင်းပြသထားသည့် ဂုဏ်ပြု ယာဉ်ကြီးများ၊ ရိုးသားဖြူစင် ဖော်ရွေလှသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

တပေါင်းကွင်းအတွင်း သတ်မှတ်နေရာများအလိုက် နေရာယူထားကြသည့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ အနေဖြင့်လည်း လာရောက်လေ့လာကြသည့် ပြည်သူများ သိရှိလိုသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများကို အဖွဲ့လိုက်မျှဝေပေးကြသည်။

**ပါဝင်ဆင်နွှဲ**

မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုအဖွဲ့ဝင်များသည် လှသောအညာမြေ၊ မင်္ဂလာပါ စသည့် အိုးစည်သီချင်းများဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှုအဖွဲ့ဝင်များသည် လုံ့ရေးပညာသင်အက၊ တုတ်ရှည်ပညာသင်အက၊ ဓားနှစ်လက်ပညာသင်အက၊ သိုင်းပညာအကများဖြင့် လည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်များရှေ့၌ ကပြဖျော်ဖြေကြရာ ဂုဏ်ပြုယာဉ်များကို လာရောက်လေ့လာကြည့်ရှုကြသူ ပြည်သူများကလည်း တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့်အတူ ပါဝင်ဆင်နွှဲကြသည်။



တိုင်းရင်းသားရိုးရာအစားအစာများ ရောင်းချပေးလျက်ရှိသည့် ဈေးဆိုင်တန်းတွင် ဝယ်ယူအားပေးကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

**ဝယ်ယူသုံးဆောင်**

အထူးအစီအစဉ် တစ်ခုအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တိုင်းရင်းသား ရိုးရာအစားအစာများကိုလည်း ပြုလုပ်ရောင်းချပေးလျက်ရှိရာ တစ်ချိန်တည်းတွင် တိုင်းရင်းသား အစားအစာများကို စားသုံးနိုင်သော အခွင့်အရေး ဖြစ်သည့်အတွက် ပြည်သူများ စိတ်ဝင်တစားကြိတ်ကြိတ်တိုး ဝယ်ယူသုံးဆောင်နေကြသည်ကိုလည်း တွေ့ရသည်။

ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ် ၄၅ စီးတို့ကို ခင်းကျင်းပြသခြင်းနှင့် တိုင်းရင်းသားရိုးရာ အစားအစာဆိုင်ခန်းပေါင်း ၂၀ မှ တိုင်းရင်းသား ရိုးရာအစားအစာများကို ရောင်းချပေးလျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်မှစတင်၍ ဖေဖော်ဝါရီ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း မိဘပြည်သူများ လာရောက်လေ့လာကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်း – မျိုးဆက်သစ်**
**ဓာတ်ပုံ – ကိုကြီးထိန်**



ဂုဏ်ပြုယာဉ်များပေါ်တွင် စိတ်ဝင်တစားလေ့လာကြည့်ရှုကြသူများကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးယဉ်ကျေးမှုအဖွဲ့ဝင်များက သိုင်းပညာအကဖြင့် ဖျော်ဖြေစဉ်။

# အခုလိုပွဲကြီးတွေကျင်းပပေးတဲ့အတွက် တိုင်းရင်းသားပေါင်းစုံရဲ့ ရိုးရာယဉ်ကျေးမှုစရိုက်တွေကို အများကြီးလေ့လာခွင့်၊ ဖလှယ်ခွင့်တွေရတာဟာ အလွန်ကို တန်ဖိုးရှိပါတယ်။ ဒါကြောင့် ပြည်သူတွေအနေနဲ့ လာရောက်လေ့လာကြဖို့ ဖိတ်ခေါ်ပါတယ်။

**မပြုံးပြုံးရီ**

တွေ့ဆုံမေးမြန်း - နိုင်ဟိန်းထက်
ဓာတ်ပုံ - ဇော်ဘီ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

**(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များနှင့် ရိုးရာယဉ်ကျေးမှုအလိုက် ကပြဖျော်ဖြေမှုများကို ပြည်သူများလေ့လာကြည့်ရှုနိုင်ရန်နှင့် တိုင်းရင်းသားရိုးရာအစားအစာများကို တစ်နေရာတည်းတွင် ဝယ်ယူစားသုံးနိုင်ရန် ယနေ့တွင်လည်း နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ဆက်လက်ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခင်းကျင်းပြသထားသည့် ဂုဏ်ပြုယာဉ်များနှင့်အတူ ရိုးရာယဉ်ကျေးမှုအလိုက် ကပြဖျော်ဖြေသူများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချသူများနှင့် လာရောက်ကြည့်ရှုလေ့လာကြသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။



ဦးလှမျိုးအောင်



မပတ္တမြားနွယ်



ကိုသီဟသူရ



ကိုကောင်းဇော်



မရွှေဇင်ဝင်း



မဖြူဖြူအောင်



မပြုံးပြုံးရီ

**ဦးလှမျိုးအောင်(မွန်ရိုးရာအစားအစာရောင်းချသူ)**

ကျွန်တော်တို့မွန်ရိုးရာစားသောက်ဆိုင်မှာ ရရှိနိုင်တဲ့ အစားအစာတွေကတော့ ကြာရိုးငါးဟင်း၊ မရမ်းသီးဝက်သားဟင်း၊ ခရမ်းသီးငါးပိအစပ်ချက်၊ အာလူးသုပ်၊ ဝက်နံရိုးသပြုသီးချက်၊ ကြက်သားငါးပိအစပ်ချက် အဲဒီအစားအစာတွေကို ရောင်းချပါတယ်။ လာရောက်ကြည့်ရှုလေ့လာသူတွေ အများဆုံးစားတာကတော့ ကြာရိုးငါးဟင်း၊ ကြက်သားငါးပိချက်ပါ။ ပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနား ကျင်းပတဲ့နေ့ကတည်းက မွန်အစားအစာကို တော်တော်လေးအားပေးကြပါတယ်။ မွန်အစားအစာကို သုံးသိန်းဖိုးလောက် ရောင်းရတယ်။ ကျွန်တော်အသက် ၅၀ အတွင်းမှာ ဒီလိုခမ်းခမ်းနားနားကျင်းပတဲ့ပွဲလမ်းသဘင်မတွေ့ခဲ့ဖူးဘူး။ အခုလိုအခမ်းအနားဖြစ်မြောက်အောင် လုပ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ပြည်သူတွေက ပွဲငတ်နေကြတာဗျ။ သွားရမလား၊ မသွားရဘူးလား ဝေခွဲမရတဲ့ပြည်သူတွေလည်းရှိမှာပါ။ သွားချင်ပေမယ့် တကယ်ရော ဟုတ်ရဲ့လားဆိုတဲ့အတွေးတွေ စိတ်ထဲဝင်နေကြတာလည်း ပါမှာပါ။ တကယ်တမ်းကျတော့ ပြပွဲတွေ စဖွင့်တဲ့နေ့ကတည်းက အများကြီးလာကြပါတယ်။ ည ၈ နာရီ ပိတ်မယ်ပြောတာတောင် ၉ နာရီလောက်မှာ မနည်းပိတ်ပြီဆိုတာပြောယူရတယ်။ ဒီနေ့ဆိုရင် မြင်တဲ့အတိုင်းပဲ အလုပ်သမား ၂၀ လောက်နဲ့ ချက်နေရတယ်။ ဒီနေ့ရောင်းအား ၁၀ သိန်းဖိုးလောက်ထိရှိမယ်လို့ မှန်းထားပါတယ်။

**မပတ္တမြားနွယ်(ရခိုင်ရိုးရာအစားအစာရောင်းချသူ)**

ကျွန်မကတော့ ရခိုင်ပြည်နယ် ရမ်းဗြဲကပါ။ အခုလောလောဆယ်တော့ နေပြည်တော်မှာ နေပါတယ်။ ရခိုင်ရိုးရာအစားအစာထဲမှာ အဓိကရောင်းချတာကတော့ မုန့်တီပါ။ ပြီးတော့ ရခိုင်က အခုမှ စထုတ်တဲ့ ဒေသထွက် ခနိဝိုင်၊ ခနိဖူးလက်ဖက်ခြောက်၊ ခနိသကာရည်၊ ပယင်းရတနာ၊ ပယင်းလိမ်းဆေး/ ဖျန်းဆေး/ရှူဆေးနဲ့ သံလိုက်ဆီလိမ်းဆေးတွေကို အဓိကရောင်းချပါတယ်။ မနေ့ကဆိုရင် လာရောက်ဝယ်ယူစားသုံးသူများတော့ ရခိုင်မုန့်တီဆို အစောကြီးကတည်းက ကုန်သွားပါတယ်။ ခနိဝိုင်တွေဆိုရင်လည်း အများကြီး ရောင်းရပါတယ်။ ပယင်းသံလိုက်ဆီလိမ်းဆေးဆိုရင် ဒီနေ့ ခင်းကျင်းရောင်းချဖို့တောင် မရှိသလောက်ဖြစ်သွားပါတယ်။ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြုလုပ်တဲ့ပွဲ ဖြစ်တဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ အထင်ကရတွေကို ကြည့်ရှုခံစားလို့ရသလို တိုင်းရင်းသားရိုးရာ အစားအစာတွေအားလုံး တစ်နေရာတည်းမှာရရှိနိုင်တဲ့အပြင် ဈေးနှုန်းတွေကလည်း အသင့်တင့်ဖြစ်တဲ့အတွက် ပြည်သူတွေအားလုံးအနေနဲ့ လာရောက်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

**ကိုသီဟသူရ(ကယားရိုးရာအစားအစာရောင်းချသူ)**

ဒီဆိုင်မှာရရှိတဲ့အစားအစာကတော့ ကယားဝက်အူချောင်း၊ ကယားဟင်းထုပ်၊ ကယားအာလူးသုပ်၊ ကယားငှက်ပျောဖူးသုပ်၊ ကယားရိုးရာခေါင်ရည်တွေကို အဓိကရောင်းချပါတယ်။ ဆိုင်ကိုလာပြီး အဓိကလာအားပေးကြတာကတော့ ကယားဝက်အူချောင်းနဲ့ ကယားဟင်းထုပ်ပါ။ ဒါ့ပြင် ကယားရိုးရာခေါင်ရည်ကိုလည်း လာပြီးအားပေးကြပါတယ်။ ဈေးနှုန်းကိုတော့ လာရောက်တဲ့သူတွေ စားသုံးနိုင်အောင် အတတ်နိုင်ဆုံးဈေးနှုန်းချိုသာအောင် ရောင်းချ ပေးလျက်ရှိပါတယ်။ စည်စည်ကားကားနဲ့ လာရောက်လည်ပတ်ကြတာမြင်ရတော့ ဝမ်းသာပါတယ်။ မနေ့ကဆိုရင် မနက် ၈ နာရီက နေ ည ၈ နာရီအတွင်းမှာ ကယားရိုးရာအစားအစာကို ခြောက်သိန်း ဝန်းကျင်လောက်အထိ ရောင်းချခဲ့ရပါတယ်။ နောက်နေ့လည်း ဒီနေ့လိုစည်စည်ကားကားနဲ့ လာရောက်ကြလိမ့်မယ်လို့ ထင်ပါတယ်။

**ကိုကောင်းဇော်(ရွှေမှုံသနပ်ခါးထုတ်လုပ်ရောင်းချသူ)**

ကျွန်တော်ကတော့ ရွှေမှုံသနပ်ခါးကို ကိုယ်ပိုင်ထုတ်လုပ်တာဖြစ်ပြီး ကျွန်တော်တို့လာရောက်ပြသရတဲ့ ရည်ရွယ်ချက်ကတော့ ပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားမှာ မြန်မာနိုင်ငံမှာတိုင်းရင်းသားပေါင်းစုံရှိတဲ့အနက် ဗမာတိုင်းရင်းသားတို့ရဲ့ အဓိကထုတ်ကုန်ဖြစ်တဲ့ သနပ်ခါးဟာ ရှေးမြန်မာတွေလက်ထက်ကတည်းက သုံးစွဲခဲ့တဲ့ သနပ်ခါးဖြစ်လို့ အဓိကထားပြီး လာရောက်ပြသခြင်းဖြစ်ပါတယ်။ ပြည်နယ်တော်တော်များကလည်း မြန်မာ့သနပ်ခါးကို နှစ်သက်ကြပါတယ်။ ရှေးမြန်မာမင်းတွေ လက်ထက်ကတည်းက သုံးစွဲလာခဲ့ကြတာဖြစ်လို့ မြန်မာ့သနပ်ခါးဟာ တိုင်းရင်းသားတွေနဲ့လည်း အကျွမ်းဝင်ဆုံးနဲ့ ဆေးဖက်ဝင်ပစ္စည်းတစ်ခုလို့လည်းပြောရမှာဖြစ်ပါတယ်။ လာရောက်ကြည့်ရှုလေ့လာကြသူတွေ များပြားတဲ့အတွက်လည်း သနပ်ခါးပါကင် ၈၀၀ လောက်အထိ ရောင်းချခဲ့ရပါတယ်။ မနက်ဖြန်ကျရင်လည်း ဒီထက်မက ရောင်းအားတိုးလာလိမ့်မယ်လို့ ထင်ပါတယ်။ နေပြည်တော်မှာပြုလုပ်တဲ့အခမ်းအနားတွေထဲမှာ အကြီးမားဆုံးနဲ့ အခမ်းအနားဆုံးပွဲတစ်ပွဲလည်းဖြစ်တာကြောင့် အနယ်နယ်အရပ်ရပ်ကလာတဲ့ မိတ်ဆွေတွေရှိသလို တိုင်းရင်းသားတွေလည်း စုံစုံလင်လင်လာရောက်ကြပြီး ပြည်သူတွေကိုလည်း လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**မရွှေဇင်ဝင်း(လာရောက်လေ့လာသူ)**

ကျွန်မက ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာကလာရောက်လည်ပတ်လေ့လာတာပါ။ ဖေဖော်ဝါရီ ၁၂ ရက် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ တိုက်ရိုက်ထုတ်လွှင့်မှုကို တီဗွီကမြင်ပြီး ဒီဂုဏ်ပြုယာဉ်ကြီးတွေ အပြင်မှာမြင်ဖူးချင်လိုက်တာဆိုပြီး တွေးမိပါတယ်။ တွေးမိတဲ့အတိုင်း တပေါင်းကွင်းမှာ ဂုဏ်ပြုယာဉ်နဲ့ ရိုးရာယဉ်ကျေးမှုအကအဖွဲ့တွေကို ခင်းကျင်းပြသထားတယ်ဆိုတာ သိရတော့ မိသားစုလိုက်သွားကြည့်မယ်ဆိုပြီး လာရောက်လေ့လာကြည့်ရှုတာဖြစ်ပါတယ်။

ဒီဂုဏ်ပြုယာဉ်ကြီးတွေပေါ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ အထင်ကရနေရာတွေကို ခင်းကျင်းပြသထားတဲ့အတွက် တစ်နေရာတည်းနဲ့ တိုင်းရင်းသားဒေသအနှံ့ရောက်ရှိသွားသလိုမျိုး ဗဟုသုတတွေရရှိပါတယ်။ ဒါ့အပြင် တိုင်းရင်းသားရိုးရာအစားအစာတွေလည်း အစုံအလင်ရရှိတဲ့အတွက် မိမိကြိုက်နှစ်သက်ရာ အစားအစာတွေကို ဝယ်ယူသုံးဆောင်နိုင်ပါတယ်။ ကျွန်မကတော့ ကရင်ရိုးရာအစားအစာဆိုင်က ကရင်အစားအစာတွေကို ကြိုက်နှစ်သက်တဲ့အတွက် ဝယ်ယူအားပေးဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁၅ ရက်မှာ ည ၁၀ နာရီအထိဖွင့်လှစ်ထားမယ်လို့သိရပါတယ်။ လာရောက်လည်ပတ်ဖို့ကျွန်မအနေနဲ့ ဖိတ်ခေါ်ပါတယ်။

စာမျက်နှာ ၁၂ သို့ ❂



မကွေးတိုင်းဒေသကြီး ရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာအကအလှများဖြင့် ကပြဖျော်ဖြေစဉ်။

# ဒီပွဲတော်ကြီးမှာ တိုင်းရင်းသားပေါင်းစုံ လာရောက်တွေ့ဆုံကြပြီး အသိပညာတွေဖလှယ်ခွင့်ရတဲ့အတွက် ပြည်ထောင်စုနေ့အနှစ်သာရအပြင် ကျွန်မတို့ရဲ့ စည်းလုံးမှုနဲ့အတူ ငြိမ်းချမ်းသော ပြည်ထောင်စုနိုင်ငံကြီး တည်ဆောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို ပိုပြီးခိုင်မာစေပါတယ်

မခင်ဇာဇာထွန်း

**တွေ့ဆုံမေးမြန်း**
**မျိုးဆက်သစ်**
**ဓာတ်ပုံ- ကိုကြီးထိန်**

နေပြည်တော် ဖေဖော်ဝါရီ ၁၄

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ပြသခဲ့သည့် ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ဂုဏ်ပြုယာဉ်များအား နေပြည်တော် ဥပ္ပါတသန္တိစေတီတော်ရှေ့ တပေါင်းကွင်း၌ ခင်းကျင်းပြသထားသည့်အပြင် တိုင်းရင်းသားရိုးရာအစားအစာများကိုလည်း သတ်မှတ်နေရာများအလိုက် ရောင်းချပေးလျက်ရှိရာ ဂုဏ်ပြုယာဉ်များနှင့်အတူ ပါဝင်ကပြဖျော်ဖြေခဲ့ကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသူများ၊ လာရောက်လေ့လာကြည့်ရှုကြသည့် ပြည်သူများ၊ ဂုဏ်ပြုယာဉ်တာဝန်ခံများနှင့် တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ပါသည်။



မခင်ဇာဇာထွန်း



ဒေါ်ဘွန်ဆွမ်



မမိုင်ဇင်ဇင်နီ



ဦးထိန်စိုး

**မခင်ဇာဇာထွန်း**
**(မကွေးတိုင်းဒေသကြီး ယဉ်ကျေးမှုအဖွဲ့)**

ကျွန်မတို့အဖွဲ့ကတော့ စိန်ရတုပြည်ထောင်စုနေ့မှာ လှသောအညာမြေသီချင်းနဲ့အတူ ကပြဖျော်ဖြေပေးခဲ့ပါတယ်။ မကွေးတိုင်းဒေသကြီး ဂုဏ်ဆောင်အနေနဲ့ ပြည်ထောင်စုနေ့မှာ ပထမဆုရရှိခဲ့လို့ အတိုင်းမသိ ဝမ်းသာပါတယ်။ လှသောအညာမြေသီချင်းနဲ့ အဖွဲ့သုံးဖွဲ့ စည်းစည်းလုံးလုံးနဲ့ ပါဝင်ဆင်နွှဲခဲ့တဲ့အတွက် အခုလို ပထမဆုကိုရရှိခဲ့တာ ဖြစ်ပါတယ်။ အခုလို စိန်ရတုပြည်ထောင်စုနေ့ကြီးမှာ ဖျော်ဖြေရေးကဏ္ဍကနေ ပါဝင်ဆင်နွှဲခွင့်ရလို့ ဂုဏ်ယူမိပါတယ်။ ကျွန်မတို့ နိုင်ငံဟာ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံနဲ့ စုပေါင်းဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်တဲ့အတွက် သူများနိုင်ငံတွေထက် ပိုပြီးတော့ ထင်ပေါ်တာတွေ့ရပါတယ်။ ဒီပွဲတော်ကြီးမှာ တိုင်းရင်းသားပေါင်းစုံ လာရောက်တွေ့ဆုံကြပြီး အသိပညာတွေ ဖလှယ်ခွင့်ရတဲ့အတွက် ပြည်ထောင်စုနေ့အနှစ်သာရအပြင် ကျွန်မတို့ရဲ့ စည်းလုံးမှုနဲ့အတူ ငြိမ်းချမ်းသော ပြည်ထောင်စုနိုင်ငံကြီး တည်ဆောက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို ပိုပြီးခိုင်မာစေပါတယ်။ ကျွန်မတို့ တိုင်းရင်းသားအားလုံးကို ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနဲ့ နွေးနွေးထွေးထွေး ကြိုဆိုပေးကြတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

**မောင်သော်ဇင်စိုး**
**(ပြပွဲလေ့လာကြည့်ရှုသူ)**

စိန်ရတု ပြည်ထောင်စုနေ့မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ယဉ်ကျေးမှုအဖွဲ့ဝင်တွေနဲ့အတူ ပါဝင်ဆင်နွှဲခဲ့ကြတဲ့ ဂုဏ်ပြုယာဉ်တွေကို အခုလိုစုစည်းပြီး ပြည်သူတွေ လေ့လာကြည့်ရှုခွင့်ရအောင် ပြန်လည်ပြသပေးတဲ့အတွက် တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ပြပွဲမှာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့တွေကလည်း ရိုးရာအကအလှတွေနဲ့ ဖျော်ဖြေတဲ့အပြင် ကိုယ်တိုင်ဝင်ရောက်ဆင်နွှဲခွင့်ရတဲ့အတွက်လည်း ပျော်ရွှင်မိပါတယ်။ ဂုဏ်ပြုယာဉ်တွေကို အခုလို အပြင်မှာ မျက်မြင်ကိုယ်တွေ့ မြင်ဖူးတာ ပထမဆုံးဖြစ်ပါတယ်။ ဂုဏ်ပြုယာဉ်တွေအပေါ်မှာ တိုင်းရင်းသားပေါင်းစုံရဲ့ အထင်ကရနေရာတွေ၊ အထိမ်းအမှတ်တွေ၊ ရိုးရာဝတ်စုံတွေ၊ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို ကိုယ်တိုင်ကြည့်ရှုခွင့်ရပြီး မစားဖူးတဲ့ တိုင်းရင်းသားရိုးရာ အစားအစာတွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူစားသောက်ခွင့်ရအောင် စီစဉ်ပေးထားတဲ့အတွက် ဝမ်းသာပါတယ်။

**ဒေါ်ဘွန်ဆွမ်**
**(ကချင်ရိုးရာစားသောက်ဆိုင်)**

ကျွန်မတို့ ကချင်ရိုးရာစားသောက်ဆိုင်မှာ ကချင်ဖက်ထုပ်၊ ကချင်ဒံပေါက်၊ ကချင်ရိုးရာခေါက်ဆွဲ၊ စပီ၊ ကချင်ရိုးရာငါးပေါင်း၊ ကချင်ဆေးမြစ်စုံ၊ ကြက်ကချင်ချက်၊ ဝက်ကချင်ချက်တို့ကို ရောင်းချပေးပါတယ်။ အခုလောလောဆယ်တော့ ကချင်ရိုးရာငါးချက်၊ ကချင်ငါးပေါင်း၊ ကြက်ကချင်ချက်၊ ဝက်ကချင်ချက်တို့က ရောင်းအားအကောင်းဆုံးပါ။ အခုလို ခမ်းနားတဲ့ပွဲတော်မှာ ကျွန်မတို့ ကချင်ရိုးရာအစားအစာတွေကို ရောင်းချခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ဒီလိုရောင်းချခွင့်ရတဲ့အတွက် ရိုးရာအစားအစာတွေကို လာရောက်လေ့လာ ကြည့်ရှုသူတွေက တစ်ဆင့် အများပြည်သူတွေသိရှိပြီး တခြားအခွင့်အလမ်းလည်းရရှိမယ်လို့ ယုံကြည်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ကိုယ်စားပြု ဂုဏ်ပြုယာဉ်တွေကို လွတ်လွတ်လပ်လပ်နဲ့ ကြည့်ရှုလေ့လာပြီး တိုင်းရင်းသားရိုးရာ အစားအသောက်တွေကိုလည်း ဈေးနှုန်းချိုသာစွာနဲ့ ရောင်းချပေးနေတဲ့အတွက် လာရောက်အားပေးကြပါလို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေကိုယ်စား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်ဇင်ထွဋ်**
**(ပြပွဲလာရောက်ကြည့်ရှုသူ)**

နိုင်ငံအတွင်းမှာရှိတဲ့ မြို့တွေကို သီးခြားသွားရောက် လည်ပတ်ဖို့က မလွယ်တော့ အခုလို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ထူးခြားတဲ့အရာတွေကို တစုတစည်းတည်း မြင်တွေ့ရတဲ့အတွက် ပိုပြီးတော့ ဗဟုသုတတွေရပါတယ်။ ကလေးသာမက လူကြီး၊ လူငယ်အားလုံး ဂုဏ်ပြုယာဉ်တွေပေါ်မှာ ပြသထားတဲ့ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာတွေ၊ အထင်ကရနေရာတွေကို လေ့လာခြင်းအားဖြင့် ဗဟုသုတတွေရရှိစေမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံ ပါတဲ့အတွက် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ကို ဖော်ဆောင်ရာလည်း ရောက်ပါတယ်။ အခုလို တိုင်းရင်းသားရိုးရာ လက်ရာစစ်စစ်ကို စားသုံးရတဲ့အတွက် အဲဒီဒေသတွေရဲ့ အငွေ့အသက်လေးတွေကို ပိုပြီး ခံစားမိပါတယ်။

**မမိုင်ဇင်ဇင်နီ**
**(ချင်းရိုးရာစားသောက်ဆိုင်)**

ကျွန်မတို့ ချင်းရိုးရာစားသောက်ဆိုင်အနေနဲ့ မြေပြန့်ချင်းရိုးရာ အစားအစာဖြစ်တဲ့ ချင်းရိုးရာဝက်သားသုပ်၊ ချင်းရိုးရာကြက်သားသုပ်၊ ချင်းရိုးရာခေါက်ရည်တို့ကို ရောင်းချပေးနေပါတယ်။ ဒီအစားအစာတွေကတော့ မင်္ဂလာဆောင်တွေမှာ တည်ခင်းဧည့်ခံတဲ့ အစားအစာလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားရိုးရာ ဒေသအစားအစာတွေ အမျိုးစုံအောင် ဈေးချိုချိုရောင်းချပေးနေတဲ့အတွက် အားလုံးလာပြီး စားသုံးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထိန်စိုး**
**(ဒုတိယညွှန်ကြားရေးမှူး၊**
**မွန်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်)**

ကျွန်တော်တို့ မွန်ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ် သုံးစီးမှာဆိုရင် အမှတ်(၁) ဂုဏ်ပြုယာဉ်ရဲ့ ရှေ့ဆုံးမှာ မွန်ပြည်နယ်မြေပုံကို ၁၂ ပေအမြင့်နဲ့ ဖော်ပြထားပါတယ်။ ပြည်ထောင်စုအလံကို ပြည်နယ်အလံနှစ်ခုက ဘေးမှာ ဝန်းရံထားပါတယ်။ ယဉ်ရဲ့နောက်မှာ ဗုဒ္ဓဘာသာအစ သထုံကလို့ခေါ်လို့ရအောင် ရှင်အရဟံကနေ အနော်ရထာမင်းမြတ်နဲ့ ပေါင်းပြီး သထုံကနေ ပင့်ဆောင်လာတဲ့ ပိဋကတ်သုံးပုံ ပုံစံပါပါတယ်။ ဘေးဘက်မှာ သံလွင်တံတား၊ ချောင်းဆုံတံတား၊ ဇင်းကျိုက်ရေတံခွန် ဗီနိုင်းတွေကို ပြသထားပါတယ်။ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ဘုရားဖူးပြည်သူအများဆုံး လာရောက်ဖူးမြော်နေတဲ့ ကျိုက်ထီးရိုးဆံတော်ရှင်ပုံကိုလည်း ပြသထားပါတယ်။

အမှတ်(၂) ယာဉ်မှာ မွန်ပြည်နယ်က ထုတ်ကုန်တွေကို ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒီယာဉ်မှာ ဟင်္သာပါတယ်။ မွန်ပြည်နယ်မှာ ဟင်္သာမှာ နှစ်မျိုးရှိပါတယ်။ ခြေစုံရပ်နေတဲ့ ဟင်္သာက မွန်ပြည်နယ်ရဲ့ ပြည်နယ်ဟင်္သာအမှတ်အသားဖြစ်ပြီး မွန်အမျိုးသား ဟင်္သာမှာတော့ ခြေတစ်ဖက်ကို ထောင်ထားပါတယ်။ အခုပြသထားတဲ့ ဟင်္သာကတော့ မွန်ပြည်နယ်အမှတ်အသားဟင်္သာ ဖြစ်ပါတယ်။ ယာဉ်ရဲ့နောက်ပိုင်းမှာ မွန်ပြည်နယ်ထွက်ကုန်တွေဖြစ်တဲ့ ရော်ဘာ၊ ဒူးရင်း၊ ကြက်မောက်၊ ကျွဲကော၊ မင်းကွတ်တို့ကို ပြသထားပါတယ်။ နောက်ပြီး ပုစွန်၊ သား၊ ငါး၊ ဆားလုပ်ငန်း၊ ကမ္ဘာကျော်ခဲ့တဲ့ မြန်မာနိုင်ငံပြည်တွင်းထုတ်တဲ့ ဆေးတံအစစ်ကိုလည်း ပြသထားပါတယ်။ မွန်ပြည်နယ် ချောင်းဆုံမှာလုပ်တဲ့ ကျောက်သင်ပုန်းမှာလည်း မွန်ဗျည်း ၃၅ လုံးကိုလည်း ပြသထားပါတယ်။ ဂုဏ်ပြုယာဉ်အမှတ်(၃)မှာဆိုရင် မွန်ရိုးရာတွေဖြစ်တဲ့ မွန်တူရိယာသုံးမျိုး၊ မွန်ရိုးရာအိမ်၊ စောင်တွေထဲမှာ မုဒုံစောင်က အနွေးဆုံးဆိုတဲ့အတိုင်း မုဒုံကထွက်ရှိတဲ့စောင်တွေကို ပြသထားပါတယ်။

စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုကနေ ထင်ရှားတဲ့ ယဉ်ကျေးမှုလက္ခဏာ၊ ထုတ်ကုန်တွေကို ပြည်သူတွေ သိရှိအောင် ပြသထားတဲ့အတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ့ရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာကို တစ်နေရာတည်းမှာ အကုန်လုံးသိရှိသွားမှာဖြစ်တဲ့အတွက် တပေါင်းကွင်းကို လာရောက်လေ့လာကြည့်ရှုရင် ဗဟုသုတများစွာ ရရှိမှာဖြစ်တဲ့အတွက် ဂုဏ်ပြုယာဉ်တွေကို ကြည့်ရှုရင်း တိုင်းရင်းသားရိုးရာအစားအစာတွေကို စားသုံးရင်း လာရောက်ဖို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမတွေကိုယ်စား ဖိတ်ခေါ်ပါတယ်။

❂ စာမျက်နှာ ၁၁ မှ

**မဖြူဖြူအောင် (လာရောက်လေ့လာသူ)**

ကျွန်မတို့သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီး (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့မှာ ဂုဏ်ပြုခဲ့တဲ့ ဂုဏ်ပြုယာဉ်တွေအပါအဝင် တိုင်းရင်းသားအစားအစာတွေပါ ရောင်းချပေးမယ်ဆိုတာသိရလို့ လာဖြစ်ကြတာပါ။ အခု မကွေးတိုင်းဒေသကြီး ဂုဏ်ပြုယာဉ်နဲ့ ရိုးရာယဉ်ကျေးမှုအကအဖွဲ့တွေရဲ့ ကပြဖျော်ဖြေမှုတွေကို ကြည့်ရှုခဲ့ရပါတယ်။ ဂုဏ်ပြုယာဉ်ကြီးပေါ်မှာ ခင်းကျင်းပြသထားမှုတွေ၊ သူငယ်တော်အကတွေ၊ ဆံရစ်ဝိုင်းအကတွေ၊ မကွေးတိုင်းဒေသကြီးမှာ ရေနံတူးနေတဲ့ သရုပ်ဖော်ပြသမှုတွေအစုံအလင်လေ့လာခွင့်ရပါတယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်ကိုယ်စားပြု ဂုဏ်ပြုယာဉ်တွေပေါ်ကိုလည်း တက်ရောက်ပြီး လေ့လာကြည့်ရှုဦးမှာပါ။ အစားအစာရောင်းချမှုပိုင်းမှာ ဒေသအသီးသီးကထွက်ကုန်တွေကို ဈေးနှုန်းသက်သက်သာသာဖြင့် ရောင်းချပေးတဲ့အတွက် ဝယ်ယူအားပေးသူတွေအနေနဲ့ ဖေဖော်ဝါရီ ၁၅ ရက်မှာလည်း သွားရောက်ကြည့်ရှုလေ့လာနိုင်ပါသေးတယ်။ ကျွန်မတစ်သက်မှာ ဒါမျိုးအခုမှကြုံဖူးတဲ့အတွက် လူတိုင်းကိုလည်း ဗဟုသုတရစေချင်ပါတယ်။ သွားရောက်ကြည့်ရှုကြပါလို့ အကြံပြုချင်ပါတယ်။

**မပြုံးပြုံးရီ**
**(ဖျော်ဖြေသူ၊ ပွင့်ဖြူခရိုင်၊ ရုံးကြီးကျေးရွာ)**

ညီမတို့လာရောက်ဖျော်ဖြေရတာက မကွေးတိုင်းဒေသကြီးရဲ့ ကိုယ်စားပြုလာရောက်ဖျော်ဖြေကြပါတယ်။ ညီမတို့ဆံရစ်ဝိုင်းအဖွဲ့က (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့မှာ မကွေးတိုင်းဒေသကြီး ကိုယ်စားပြုနဲ့ တက်ရောက်ခွင့်ရခဲ့ပါတယ်။ အဲဒီအတွက် အတိုင်းမသိဝမ်းသာမိပါတယ်။ ဆံရစ်ဝိုင်းအယောက် ၂၀ ထဲမှာ အုပ်စုလေးတွေခွဲပြီး ကပြတဲ့အဖွဲ့ရယ်၊ ဗိုင်းငင်တဲ့အဖွဲ့ရယ်၊ မြန်မာ့ရိုးရာကစားနည်း ကြက်ဖခွပ်တမ်းကစားနည်းရယ်၊ ဆန်ပြာတဲ့သူကပြာတယ်၊ ထမင်းချက်တဲ့အဖွဲ့ကထမင်းချက်တယ်၊ အဲဒီလိုကဏ္ဍအသီးသီးတွေနဲ့ ဖျော်ဖြေကြပါတယ်။

အခုလို ပွဲကြီးတွေကျင်းပပေးတဲ့အတွက် တိုင်းရင်းသားပေါင်းစုံရဲ့ ရိုးရာယဉ်ကျေးမှုစရိုက်တွေကို အများကြီးလေ့လာခွင့်၊ ဖလှယ်ခွင့်တွေရတာဟာ အလွန်ကိုတန်ဖိုးရှိပါတယ်။ ဒီလိုပွဲတွေကျင်းပပေးတာကြောင့် တစ်နေရာတည်းမှာပဲ တိုင်းဒေသကြီး/ ပြည်နယ်မှာရှိတဲ့ ဒေသထွက်ကုန်နဲ့ ရိုးရာယဉ်ကျေးမှုတွေကို တဝကြီးလေ့လာကြည့်ရှုနိုင်ပါတယ်။ ဒါကြောင့် ဖေဖော်ဝါရီ ၁၅ ရက်မှာလည်း ပြည်သူတွေအနေနဲ့ လာရောက်လေ့လာကြပါလို့ ဖိတ်ခေါ်ပါတယ်။

## နျူကလီးယားဆွေးနွေးပွဲအောင်မြင်ရေးအတွက် အမေရိကန်၏ဆုံးဖြတ်ချက်အရေးကြီးကြောင်း အီရန်ပြောကြား

**တီဟီရန် ဖေဖော်ဝါရီ ၁၄**

လက်ရှိကျင်းပနေသည့် နျူကလီးယားဆွေးနွေးပွဲများအောင်မြင်ရေးမှာ အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်အပေါ်တွင် တည်နေကြောင်း အီရန်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဗီယင်နာတွင် လက်ရှိကျင်းပလျက်ရှိသော နျူကလီးယားအရေး ညှိနှိုင်းဆွေးနွေးမှုများ၏ ရလဒ်ကို တွက်ဆခြင်းမပြုဘဲ ထုတ်ပြန်မည့် အခြေအနေကို မိမိတို့မြင်တွေ့နေရကြောင်း အီရန်အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး အလီရှန်ခါနီက ပြောကြားသည်။

အမေရိကန်၏ ယခုပြုလုပ်မည့် ဆုံးဖြတ်ချက်များသည် ၂၀၁၅ ခုနှစ်တွင်ရရှိခဲ့သော နျူကလီးယားသဘောတူညီချက်များနှင့် ကိုက်ညီမည်ဟု မျှော်လင့်ကြောင်း ၎င်းကပြောကြားသည်။ အမေရိကန်သမ္မတဟောင်းထရမ့်လက်ထက်တွင် အဆိုပါ နျူကလီးယားသဘောတူညီချက်မှ အမေရိကန်နုတ်ထွက်ခဲ့ပြီး အီရန်အပေါ် အရေးယူပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့သည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**



## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ရန်လွယ်ကူသည့် အုပ်စုအား လေးကြိမ်မြောက် ကိုဗစ်-၁၉ ကာကွယ်ဆေး စတင်ထိုးနှံ

**ဆိုးလ် ဖေဖော်ဝါရီ ၁၄**

တောင်ကိုရီးယားနိုင်ငံသည် နိုင်ငံအတွင်းရှိ ရောဂါခုခံနိုင်စွမ်းနည်းပါးသူများကို လေးကြိမ်မြောက်ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့ပြောကြားသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာသဖြင့် အကျိုးဆက်အဖြစ် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်များပြားလာကြောင်း သိရသည်။

ထို့ပြင် ဆေးရုံများနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကိုလည်း ယခုအစီအစဉ်တွင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခြင်းမှ ကာကွယ်ရန်အတွက် ယခုကဲ့သို့ ရောဂါကူးစက်ရန်လွယ်ကူသော အုပ်စုများအား ဦးစားပေးထိုးနှံခဲ့ခြင်းဖြစ်သည်။

ယခုအစီအစဉ်တွင် ရောဂါခုခံနိုင်စွမ်းနည်းပါးသူ ၁ ဒသမ ၃ သန်းနှင့် ဆေးရုံများနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာများတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းအရေအတွက် ငါးသိန်းတို့ ပါဝင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ငါးသောင်းကျော်ရှိနေပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၄၀၅၂၄၆ ဦးရှိကြောင်း သိရသည်။

ယခုလကုန်တွင် နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၇၀၀၀၀ အထိ ရောက်ရှိနိုင်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်း လူဦးရေ၏ ၈၆ ရာခိုင်နှုန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးခဲ့ပြီး အပိုဆောင်းထိုးနှံပြီးစီးသူ ၅၇ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**




## Pfizer ကာကွယ်ဆေး ၁၀ သန်းထပ်မံဝယ်ယူရန် ဂျပန်ဆောင်ရွက်

**တိုကျို ဖေဖော်ဝါရီ ၁၄**

Pfizer ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၀ သန်း ထပ်မံဝယ်ယူရန် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနနှင့် Pfizer တို့အကြား သဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။

မတ်လအတွင်း အဆိုပါမှာယူထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဂျပန်သို့ ရောက်ရှိလာမည်ဖြစ်ပြီး ယင်းကာလတွင် ဂျပန်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပိုဆောင်းထိုးနှံရေးအစီအစဉ်အား အရှိန်တိုးမြှင့်သွားမည်ဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီး ဂိုတိုရှိဂီယူကီက ယနေ့ ပြောကြားသည်။

လက်ရှိအချိန်တွင် ဂျပန်နိုင်ငံအတွင်း Pfizer ကာကွယ်ဆေး ၁၂ သန်းအား ကလေးငယ်များကိုထိုးနှံပေးနိုင်ရန် ရရှိထားပြီး ယင်းကာကွယ်ဆေးအလုံးရေ ၃၄ သန်းအား အခြား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန်ကျန်ရှိနေသည့် နိုင်ငံသားများအား အပိုဆောင်းထိုးနှံပေးရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် Moderna ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီထံမှ ကာကွယ်ဆေးအလုံးရေ ၁၈ သန်းကို မတ်လအတွင်းရရှိနိုင်ရန် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ကနဦးလက်မှတ်ရေးထိုးထားပြီး Moderna ကာကွယ်ဆေးအလုံးရေ ၇၅ သန်းကို ယခုနှစ်ဝက်တွင် ထပ်မံပေးပို့ပေးရန်လည်း အဆိုပါကုမ္ပဏီနှင့် သဘောတူညီချက်ရရှိခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပိုဆောင်းထိုးနှံမှုခံယူခြင်းသည် ပြင်းထန်စွာနာမကျန်းဖြစ်ခြင်းနှင့် ရောဂါလက္ခဏာများတိုးလာခြင်းမှ ကာကွယ်ရာတွင် အစွမ်းထက်သဖြင့် ကာကွယ်ဆေး အပိုဆောင်းထိုးနှံမှုခံယူကြရန် နိုင်ငံသားများအား ဂိုတိုရှိဂီယူကီက ပြောကြားသည်။

ဂျပန်နိုင်ငံ၏ ကာကွယ်ဆေးအပိုဆောင်းထိုးနှံရေးလုပ်ငန်း အရှိန်ရလာစေရေးအတွက် အခြားဆေးဝါးကုမ္ပဏီများနှင့်လည်း ထပ်မံဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**

**ဘာသာပြန်- စိုးသူရ**

■



## ၂၀၅၀ ပြည့်နှစ်တွင် လာအိုနိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုည ရာခိုင်နှုန်းအထိ လျှော့ချမည်

**ဗီယင်ကျန်း ဖေဖော်ဝါရီ ၁၄**

၂၀၅၀ ပြည့်နှစ်တွင် လာအိုနိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုအား သုည ရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်ကြောင်း လာအိုနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ အစီအမံနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်း ရှင်းလင်းပွဲကို လာအိုမြို့တော် ဗီယင်ကျန်း၌ ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပခဲ့ရာတွင် သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဖူဘောင်လောင်ဆေဆာနာအပါအဝင် တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ယခုထုတ်ပြန်သော မှတ်တမ်းသည် ဒုတိယအကြိမ်ထုတ်ပြန်ခြင်းဖြစ်ပြီး ယင်းမှတ်တမ်းတွင် ၂၀၅၀ ပြည့်နှစ်၌ နိုင်ငံအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သုည ရာခိုင်နှုန်းအထိ လျှော့ချရေးအသေးစိတ်အစီအမံများနှင့် နိုင်ငံသားများနှင့် နိုင်ငံအတွင်းရှိ အခြေခံအဆောက်အအုံများအား ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြစ်စဉ်များမှ ကာကွယ်ရန်အစီအစဉ်တို့ကို ရေးဆွဲထားသည်။

အဆိုပါမှတ်တမ်း ပထမအကြိမ်ထုတ်ပြန်ခြင်းကို ၂၀၁၅ ခုနှစ်က ဆောင်ရွက်ခဲ့သည်။

ဖန်လုံအိမ်ဓာတ်ငွေ့ဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို လေထုအတွင်းသို့ စွန့်ပစ်ရန် မဖြစ်နိုင်သောကြောင့် နိုင်ငံအတွင်းရှိ မြေများ၏ ၇၀ ရာခိုင်နှုန်းအား သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းများမှ စွန့်ထုတ်လိုက်သော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို သစ်ပင်များမှ စုပ်ယူမည်ဖြစ်ကာ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချသွားရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖူဘောင်လောင်ဆေဆာနာက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**

**ဘာသာပြန်- စိုးသူရ**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၄၁၂၈၁၇၄၁၉ ဦး |
| သေဆုံးသူ | ၅၈၃၆၈၈၃ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၃၃၃၄၂၇၄၆၆ ဦး |

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်း ဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်နေ ခိုင်စံအေးသည် ၎င်းအသုံးပြုသည့် "ခိုင်စံအေး" Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်နေ စိုးမိုးအောင်(ခ)ကိုမိုးသည် ၎င်းအသုံးပြုသည့် "ကိုမိုး" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်ကျွန်းသစ်၊ သစ်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ သိမ်းဆည်းရမိ



**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၊ အကောက်ခွန်ဦးစီးဌာနနှင့် တာဝန်ကျဌာနဆိုင်ရာပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ Hair Dryer ၁၁၄၀ နှင့် ကလေးစီးဖိနပ် အရန် ၅၄၀ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၈၂၀,၀၀၀) သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့မှ ရှောင်တခင်စစ်ဆေးရာ လှည်းကူးမြို့နယ်မှ တရားမဝင်ကျွန်းသစ်(သုည ဒသမ ၇၀၄၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁,၄၄၀) သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၁၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက သတင်းအရ သွားရောက်စစ်ဆေးရာ သာယာဝတီ၊ တောင်ငူနှင့် ပြည်ခရိုင် သစ်တောကြိုးဝိုင်းများအတွင်း တရားမဝင်သစ်မျိုးစုံ ၄ ဒသမ ၃၂၉၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅,၃၆၀) သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဖေဖော်ဝါရီ ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃,၇၀၆,၈၀၀)ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပုလဲမြို့နယ် အင်မထီးကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက နှောင့်ယှက်ပစ်ခတ်၊ နေအိမ်များအား မီးရှို့ဖျက်ဆီးမှု"** ခေါင်းစဉ်ဖြင့် ၁၆-၂-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"အပြစ်မဲ့ပြည်သူများအား အသက်တစ်ချောင်း ငွေငါးသောင်းဖြင့် လုပ်ကြံသတ်ဖြတ်ခဲ့သော ဖမ်းဆီးရမိတရားခံများနှင့်ပတ်သက်၍ ဆွေးနွေးခြင်း"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။






# ပြည်သူလူထုသို့ အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မိဘပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ သံသယလက္ခဏာများ ခံစားရခြင်း၊ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်းတို့ရှိပါက အချိန်နှင့်တစ်ပြေးညီ (၂၄) နာရီပတ်လုံး သတင်းပေးပို့ ဆက်သွယ်စုံစမ်းနိုင်ရေးအတွက် ခရိုင်အလိုက် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) များ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ အဆိုပါအဖွဲ့များ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ သက်ဆိုင်ရာခရိုင်အလိုက် ဆက်သွယ်နိုင်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲစစ်ဆေးလိုသူများအနေဖြင့်လည်း အဆိုပါ ခရိုင်အလိုက် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ သက်ဆိုင်ရာအရေးပေါ်တုံ့ပြန်ရေးအဖွဲ့များမှ ချိတ်ဆက်ပေးသည့် ဓာတ်ခွဲစစ်ဆေးသည့်နေရာများတွင် နေ့စဉ် နံနက် (၉)နာရီမှ ညနေ (၄) နာရီအထိ ပိတ်ရက်မရှိCOVID-19 Rapid Antigen Test (RDT) နည်းဖြင့် ဓာတ်ခွဲစစ်ဆေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဓာတ်ခွဲစစ်ဆေးချက်အရ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာများ အနက် ဆေးရုံ/ကိုဗစ်-၁၉ ကုသရေးဌာနများတွင် ကုသမှုခံယူရန် လိုအပ်သောလူနာများအတွက်လည်း ခရိုင်အလိုက် လူနာခုတင်စီမံခန့်ခွဲမှုကော်မတီ (Bed Management Committee) များက ချိတ်ဆက်ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**တောင်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅၅၀၆၇
၀၉ ၈၈ ၂၅၅၅၀၆၈
၀၉ ၈၈ ၂၅၅၅၀၆၉

**မြောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅၅၀၇၁
၀၉ ၈၈ ၂၅၅၆၃၃၈
၀၉ ၈၈ ၂၅၅၆၃၄၀

**အနောက်ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့(RRT) သို့ (၂၄)နာရီ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅၅၀၆၃
၀၉ ၈၈ ၂၅၅၅၀၆၄
၀၉ ၈၈ ၂၅၅၅၀၆၅

**အရှေ့ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့ (RRT) သို့ (၂၄)နာရီဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များ**

၀၉ ၈၈ ၂၅၅၅၀၄၉
၀၉ ၈၈ ၂၅၅၅၀၆၁
၀၉ ၈၈ ၂၅၅၅၀၆၂

ကျန်းမာရေးဝန်ကြီးဌာန

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ပါဝင်ဖျော်ဖြေခဲ့သူများအား ဂုဏ်ပြု

မန္တလေး ဖေဖော်ဝါရီ ၁၄

နေပြည်တော်တွင် ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုဂုဏ်ပြုယာဉ်များဖြင့် ပါဝင်ဖျော်ဖြေခဲ့သူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နေပြည်တော်တွင် ကျင်းပသည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ဂုဏ်ပြုယာဉ်များနှင့် အကအလှများဖြင့် တက်ညီလက်ညီ ကြိုးစားပါဝင်ခဲ့ကြသူများအား ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများအား ဂုဏ်ပြုယာဉ်များ ပြင်ဆင်ဆောင်ရွက်မှု မှတ်တမ်းများကို ပြသပြီး "လှမ်းခဲ့ပေ့ါ မန္တလာမြေ" သီချင်းဖြင့် အကအဖွဲ့များနှင့် ကျောက်ဆည်ဆင်အကအဖွဲ့တို့က ဖျော်ဖြေကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က ဂုဏ်ပြုကပြမှုတွင် ပါဝင်ခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**






# မြောင်းမြမြို့ ဒေသသုတေသနဗဟိုဌာနတွင် ပြောင်းသီးနှံ ဘက်စုံပိုးမွှားရောဂါနှင့် ပေါင်းကာကွယ်နှိမ်နင်းနည်း နှီးနှောဖလှယ်ခြင်းဆွေးနွေးပွဲအခမ်းအနား ကျင်းပ

မြောင်းမြ ဖေဖော်ဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် အာရှဒေသစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (AFACI)၊ အပြည်ပြည်ဆိုင်ရာပြောင်းနှင့် ဂျုံဖွံ့ဖြိုးတိုးတက်မှုစင်တာ (CIMMYI)တို့၏အထောက်အပံ့ဖြင့် ပြောင်းသီးနှံဘက်စုံပိုးမွှားရောဂါနှင့် ပေါင်းကာကွယ်နှိမ်နင်းနည်း နှီးနှောဖလှယ်ခြင်းနှင့် ဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန(DAR)၊ ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်သိန်းညွှန့်က ဖွင့်လှစ်ပေးပြီး ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)မှ သုတေသနအရာရှိ တာဝန်ခံဒေါ်ဖြူပြာလွင်က အခမ်းအနားပြုလုပ်ရခြင်းရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။ အဆိုပါအခမ်းအနားသို့ ဒေသသုတေသနဗဟိုဌာန(မြောင်းမြ)မှ ဝန်ထမ်းများ၊ မြောင်းမြ၊ ဝါးခယ်မနှင့် လပွတ္တာမြို့နယ်ရှိ ကျေးလက်နေတောင်သူလယ်သမားများ တက်ရောက်ကြပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်သိန်းညွှန့်က ပြောင်းသီးနှံများတွင် ကျရောက်တတ်သောဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းနှင့်ပတ်သက်သည့် နည်းပညာများကို သင်တန်းပို့ချဆွေးနွေးပြီး တက်ရောက်လာကြသူများက မိမိတို့သိရှိလိုသည်များကို ပြန်လည်မေးမြန်းကြကာ လက်တွေ့ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P)သည် ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 တွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Offshore Construction Vessel "DLV 2000"ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကို ဖော်ပြသည့် Coordinate များဖြစ်သော Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၁ ဒသမ ၁၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၄ ဒသမ ၃၄၀ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၁ မိနစ် ၄၂ ဒသမ ၇၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၇ ဒသမ ၂၀၂ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၉ မိနစ် ၅၂ ဒသမ ၇၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၃ မိနစ် ၂၉ ဒသမ ၁၅၉ စက္ကန့်နှင့် Point-D မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၉ မိနစ် ၅၁ ဒသမ ၁၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၄ မိနစ် ၀၆ ဒသမ ၉၈၈ စက္ကန့်အတွင်းတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ်၊ A-1 တွင် SHWE Phase 2 Development Project အရ Offshore Installation Activities လုပ်ငန်းများအား Offshore Construction Vessel "DLV 2000" ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တည်နေရာများမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners)ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး၊ ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

**❒ အာဆီယံ ယူ-၂၃ ပြိုင်ပွဲမှ**

ယင်းအုပ်စုတွင် ပါဝင်နေသည့် အင်ဒိုနီးရှားအသင်းသည် ပြိုင်ပွဲနီးမှ နုတ်ထွက်ခဲ့သဖြင့် နောက်တစ်ဆင့်တက်ရောက်ရန် အသင်းတိုင်းအခွင့်အရေးရှိလာခြင်းဖြစ်သည်။ မြန်မာအသင်းသည် အာဆီယံ ယူ-၂၃ ပြိုင်ပွဲ (၂၀၁၉ ခုနှစ်တွင် ယူ-၂၂ ပြိုင်ပွဲအဖြစ် ကျင်းပ) ပြုလုပ်သည့် သုံးကြိမ်စလုံး မလေးရှားအသင်းနှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုသုံးခုမှ ထိပ်ဆုံးသုံးသင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်းသာ ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် အဖွင့်ပွဲဖြစ်သည့် မလေးရှားအသင်းနှင့် ပွဲတွင်လည်း ရလဒ်ကောင်း ရယူထားနိုင်ရန် လိုအပ်နေသည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအပြီးတွင် လာအိုနှင့်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက်မှ ကစားရမည်ဖြစ်ရာ မလေးရှားနှင့်ပွဲတွင် ရလဒ်ကောင်းထားပါက ဆီမီးဖိုင်နယ်တက်ရောက်ခွင့်အတွက် အင်အားပြည့်ကစားနိုင်မည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၄ ရက်က စတင်ကျင်းပသည့် အုပ်စု (က) အဖွင့်ပွဲတွင် တီမောနှင့် ဖိလစ်ပိုင်အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၂ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ကစားသမားအများစုဖြင့် ပြန်လည်ဖွဲ့စည်းထားခြင်းဖြစ်ပြီး နည်းပြချုပ်အဖြစ် ဘူလ်ဂေးရီးယားနိုင်ငံသား ပိုပေ့ါဗ်က ကိုင်တွယ်လျက်ရှိသည်။ အာဆီယံ ယူ-၂၃ ပြိုင်ပွဲကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေခြင်းဖြစ်သည်။

**ကိုညီလေး**

# စားသုံးသူတို့ကျန်းမာရေး စားသုံးဆီအရည်အသွေးထိန်းသိမ်းပေး

• • • • • • • အိအိချော(စားသုံးသူရေးရာဦးစီးဌာန) • • • • • • •

လူသားတို့၏ ဘဝရပ်တည်မှု၌ အဓိက လိုအပ်ချက် သုံးမျိုးဖြစ်သည့် "စားရေး၊ ဝတ်ရေးနှင့် နေရေး"တို့တွင် "စားရေး" သည် အသက်ရှင်မှုအတွက် အလွန်အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ လူတို့စားသောက်ရန်ရည်ရွယ်၍ ထုတ်လုပ်ထားသော စားသောက်ကုန်များ၏ အရည်အသွေးမြင့်မားမှုကလည်း ကျန်းမာသက်ရှည်ရေးကို များစွာအထောက်အကူပြုလျက်ရှိပါသည်။

**စားသုံးဆီအရည်အသွေးထိန်းသိမ်းခြင်း**

စားသောက်ကုန်ဟုဆိုရာ၌ မြန်မာတို့၏ အခြေခံစားကုန်များတွင် တစ်ခုအပါအဝင်ဖြစ်သော စားသုံးဆီ၏အရည်အသွေးသည် စားသုံးသူများ၏ ကျန်းမာရေးအတွက် လျစ်လျူရှုထားသင့်သော အရာမဟုတ်ပေ။ သို့ဖြစ်ရာ ကျန်းမာရေးနှင့် ညီညွတ်သော အရည်အသွေးမြင့်စားသုံးဆီများ တင်သွင်းသိုလှောင်ထုတ်လုပ်ရောင်းချဖြန့်ဖြူးပေးနိုင်ရန်အလို့ငှာ စားသုံးဆီအရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ အကြောင်းအရာများကို စားသုံးဆီလုပ်ငန်းလုပ်ကိုင်ကြသူတိုင်းက လေ့လာသိရှိထားကြရုံမျှမက လိုက်နာဆောင်ရွက်ကြရန်လည်း အထူးလိုအပ်လှပါသည်။



**❛ စားသုံးဆီ၏အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်အတွက် အရည်အသွေးစီမံခန့်ခွဲမှုနည်းစနစ်အရ စားသုံးဆီ၏ဘဝအစဖြစ်သော ဆီထွက်သီးနှံဘဝကပင်စတင်၍ အရည်အသွေးကို ထိန်းသိမ်းရမည်ဖြစ်ပါသည်။ ထို့ကြောင့် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်း၊ စက်ကြိတ်ခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူဖြန့်ဖြူးခြင်း၊ ဈေးတွင်ရောင်းချခြင်းနှင့် မီးဖိုချောင်တွင်အသုံးပြုခြင်းစသည့် ဆက်တန်းတစ်လျှောက်တွင် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာဆောင်ရွက်ချက်များကို လုပ်ဆောင်သွားကြရမည်ဖြစ် ❜**

"အရည်အသွေးထိန်းသိမ်းခြင်း" ဟု ဆိုရာ၌ အရည်အသွေးဟူသော ဝေါဟာရ၏အဓိပ္ပာယ်ကို သေချာစွာသိရှိထားရမည်ဖြစ်ပါသည်။ "ထုတ်ကုန်ပစ္စည်းတစ်ခု၏ အရည်အသွေး" ဆိုသည်မှာ စားသုံးသူများ၏ လိုအပ်ချက်များနှင့် မျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်သော ၎င်းကုန်ပစ္စည်း၏ ကြွန်အင်လက္ခဏာများဖြစ်သည်ဟု မှတ်သားဖူးခဲ့ရာ စားသုံးဆီနှင့်ပတ်သက်၍ စားသုံးသူများ၏ မျှော်မှန်းချက်အရ သတ်မှတ်ထားသော ရူပအရည်အသွေးများမှာ ကြည်လင်သောအရောင်ရှိပြီး မကောင်းသောအနံ့ကင်းကာ အရသာကောင်းမွန်၍ အမှုန်အနည်ကင်းစင်ရမည်တို့ဖြစ်ပါသည်။

ထို့ပြင်လည်း အခြားအဓိပ္ပာယ်သတ်မှတ်ချက်အနေဖြင့် "စားသုံးသူများ၏ မျှော်မှန်းချက်အပြင် သက်ဆိုင်ရာအဖွဲ့အစည်းက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ပါ ကိုက်ညီမှုရှိပြီး နိုင်ငံတော်က အခါအားလျော်စွာ ပြဋ္ဌာန်းသည့် ဥပဒေ၊ နည်းဥပဒေတို့နှင့်ပါ အကျုံးဝင်သော ၎င်းကုန်ပစ္စည်း၏ ကြွန်အင်လက္ခဏာစု" ဟူ၍လည်း လေ့လာဖူးပြန်ရာ စားသုံးဆီ၏ သိပ္ပံနည်းကျတိုင်းတာရရှိသော ဓာတုဗေဒဆိုင်ရာ အရည်အသွေးအချက်အလက်များသည် စံချိန်စံညွှန်းဘောင်အတွင်းရှိနေမှသာ ကျန်းမာရေးနှင့်ညီညွတ်သော အဆင့်မြင့်စားသုံးဆီ အရည်အသွေးနှင့် ပြည့်စုံသည်ဟု သတ်မှတ်နိုင်မည်ဖြစ်သည်။

**ပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ**

စားသုံးဆီ၏အရည်အသွေးသည် ဆီစားသုံးသူပြည်သူများ၏ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများအတွက် အတိုင်းအတာတစ်ခုအထိ အရေးပါနေသောကြောင့် စားသုံးဆီ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရန်အတွက် အရည်အသွေးစီမံခန့်ခွဲမှုနည်းစနစ်အရ စားသုံးဆီ၏ ဘဝအစဖြစ်သော ဆီထွက်သီးနှံဘဝကပင်စတင်၍ အရည်အသွေးကို ထိန်းသိမ်းရမည်ဖြစ်ပါသည်။ ထို့ကြောင့် စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ သိုလှောင်ခြင်း၊ စက်ကြိတ်ခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူဖြန့်ဖြူးခြင်း၊ ဈေးတွင်ရောင်းချခြင်းနှင့် မီးဖိုချောင်တွင် အသုံးပြုခြင်းစသည့် ဆက်တန်းတစ်လျှောက်တွင် အရည်အသွေးထိန်းသိမ်းခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။

ဆီထွက်သီးနှံများတွင် စုစုပေါင်း ဆီပါဝင်မှု ၂၅ ရာခိုင်နှုန်းနှင့်အထက်ရှိသော သီးနှံများကို သဘာဝနည်းဖြင့်ဆီကြိတ်၍ရရှိသော်လည်း ၂၅ ရာခိုင်နှုန်းအောက်ရှိသော သီးနှံများကိုမူ ဓာတုဗေဒနည်းဖြင့်သာ စားသုံးဆီထုတ်ယူနိုင်ပါသည်။ သို့ဖြစ်ရာ "မူရင်းကောင်းမှ မိတ္တူကောင်းနိုင်မည်" ဖြစ်သကဲ့သို့ အရည်အသွေးမြင့်စားသုံးဆီရရှိစေရန် ပင်ရင်းဆီထွက်သီးနှံ၏ အရည်အသွေးပေါ်မူတည်သောကြောင့် ဆီထွက်သီးနှံစိုက်ပျိုးသောတောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့်ကို ကောင်းမွန်သော စိုက်ပျိုးနည်းကျင့်စဉ်အတိုင်း လိုက်နာစိုက်ပျိုး၍ ရိတ်သိမ်းချိန် မှန်ကန်ရန်လည်း သတိပြုသင့်ပါသည်။ ရိတ်သိမ်းပြီးနောက်ပိုင်း ပျက်စီးဆုံးရှုံးမှုနှင့် မှိုကျရောက်ခြင်းတို့မှ ကာကွယ်နိုင်ရန်အတွက်လည်း ရိတ်သိမ်းချိန်လွန်နည်းပညာဆိုင်ရာ ပညာရှင်များ၏ အကြံပြုချက်များကို လေးစားလိုက်နာဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်ပါသည်။

**အရည်အသွေးအာမခံမှုပေးနိုင်**

စားသုံးဆီထုတ်လုပ်သည့် စက်ရုံများအနေဖြင့်လည်း မိမိတို့ထုတ်ကုန် အရည်အသွေးမြင့်မားစေရန် ရည်ရွယ်၍ ကုန်ကြမ်းအဆင့်မှစတင်ပြီး ထုတ်လုပ်မှုဖြစ်စဉ်တစ်လျှောက် အပါအဝင် ကုန်ချောထွက်သည်အထိ အဆင့်တိုင်း၊ နေရာတိုင်းတွင် စနစ်တကျစီမံကွပ်ကဲနိုင်သည့် အရည်အသွေးစီမံခန့်ခွဲမှုစနစ်တစ်ရပ် ရေးဆွဲဆောင်ရွက်သင့်ပါသည်။ သို့မှသာ မိမိတို့ထုတ်ကုန်၏ အရည်အသွေးကို ထိန်းချုပ်နိုင်ပြီး အရည်အသွေးအာမခံမှုပေးနိုင်မည်ဖြစ်ပါသည်။

စားသုံးဆီကို ကိုယ်တိုင်ထုတ်လုပ်ခြင်းမရှိဘဲ ပြည်ပမှ မှာယူတင်သွင်းပြီး သိုလှောင်ဖြန့်ဖြူးရောင်းချသူများအနေဖြင့်လည်း မိမိတို့နိုင်ငံမှ ထုတ်ပြန်ထားသော စားသုံးဆီအရည်အသွေးသတ်မှတ်ချက်များကို လိုက်နာ၍ မှာယူတင်သွင်းရမည့်အပြင် သိုလှောင်ကာလ၌ ဆီအရည်အသွေးကျဆင်းမှု နည်းနိုင်သမျှနည်းစေရန်ကိုလည်း စီမံဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆီသိုလှောင်ကန်၏ တည်ဆောက်ပုံ၊ ကြံ့ခိုင်ရေး၊ သန့်ရှင်းရေးနှင့် စောင့်ကြည့်စစ်ဆေးထိန်းသိမ်းခြင်းတို့က များစွာအရေးပါသောအချက်များဖြစ်ကြပါသည်။

စားသုံးဆီသိုလှောင်ကန်ကို စားသုံးဆီနှင့် ထိတွေ့လျှင် ဓာတ်ပြုနိုင်ခြင်းမရှိသော Stainless Steel ဖြင့်တည်ဆောက်သင့်ပြီး Mild Steel ဖြစ်နေပါကအတွင်းဘက်ကို epoxy သုတ်လိမ်းရမည်ဖြစ်ပါသည်။ တည်ဆောက်သည့်ပုံသဏ္ဌာန်သည် လုံးရှည်ဆလင်ဒါပုံထက် အောက်ခြေရှူး ကော်နီကယ်ပုံသဏ္ဌာန်က သန့်ရှင်းရေးဆောင်ရွက်ရန်အတွက် ပိုမိုအဆင်ပြေစေပါသည်။ ဆီသိုလှောင်ကန်၏ ပိုက်လိုင်းစနစ်သည် ဆီသွင်း၊ ဆီထုတ်ပြုလုပ်ရန် သီးခြားပိုက်လိုင်းစနစ်ရှိသင့်ပြီး ပိုက်လိုင်းများရှိ အဖွင့်၊ အပိတ်ဘားများလုံခြုံမှုရှိရန် အရေးကြီးပါသည်။ ၎င်းတို့မလုံပါက ဆီလှောင်ကန်အတွင်းသို့ ပြင်ပလေဝင်ရောက်နိုင်ပြီး ဓာတ်တိုးမှုဖြစ်စဉ်အရ စားသုံးဆီအရည်အသွေးကို ကျဆင်းလာစေနိုင်ပါသည်။ ထို့ပြင် ဆီလှောင်ကန်အတွင်းရှိ စားသုံးဆီ၏ အရည်အသွေးကို နေ့စဉ်နမူနာထုတ်ယူ၍ စစ်ဆေးပြီး မှတ်တမ်းထားခြင်း၊ အဆင့်(Grade) မတူသော စားသုံးဆီများ ရောနှောခြင်းမှ ကင်းဝေးစေရန်အတွက်လည်း ဆီအသစ်မသိုလှောင်မီ လက်ကျန်ဆီကို ဦးစွာရှင်းထုတ်၍ ဆီကန်ကို ကောင်းမွန်စွာ သန့်ရှင်းခြောက်သွေ့စေပြီးမှ အသုံးပြုခြင်းစသည့် အလေ့အကျင့်ကောင်းများကိုလည်း စားသုံးဆီအရည်အသွေးထိန်းသိမ်းရာတွင် အမြဲဆောင်ရွက်သင့်ပါသည်။

စားသုံးဆီစက်ရုံမှ ထုတ်လုပ်ရရှိသော စားသုံးဆီများကိုလည်းကောင်း၊ သိုလှောင်ကန်အတွင်းမှ စားသုံးဆီများကိုလည်းကောင်း ထုပ်ပိုးတံဆိပ်ကပ်ရန်အတွက် နေရာတစ်ခုသို့ သယ်ဆောင်လိုသည့်အခါ အသုံးပြုရသော Container များသည် အတွင်းအပြင် ကောင်းစွာသန့်စင် ခြောက်သွေ့ပြီးသော Food Grade Container များဖြစ်ရမည့်အပြင် အဖုံးလုံခြုံစွာ ပိတ်ဆို့နိုင်ရန်လည်း လိုအပ်ပါသည်။ သိုလှောင်ကန်အပိုင်းက သိုလှောင်ထားစဉ်ကာလအတွင်း ဆီအရည်အသွေးကျဆင်းမှုကို စနစ်တကျထိန်းချုပ်နိုင်ရန် မည်သို့ပင်ဆောင်ရွက်ထားစေကာမူ ဆီထုတ်ယူသယ်ဆောင်သည့် Container များ၏ မသန့်ရှင်းမှုနှင့် ယိုယွင်းပျက်စီးမှုတို့ကလည်း စားသုံးဆီအရည်အသွေးအား အလွန်ထိခိုက်စေသည်ကို သတိပြုသင့်ပါသည်။

**အထားခံနိုင်မှုကာလကိုလည်း သုတေသနပြုလုပ်ထားသင့်**

ပြည်တွင်း၌ ထုတ်လုပ်ထားသော စားသုံးဆီကိုဖြစ်စေ၊ ပြည်ပမှ မှာယူတင်သွင်းလာသော စားသုံးဆီကိုဖြစ်စေ ဈေးကွက်သို့ ပို့ဆောင်မည်ဆိုပါက Food Grade ထုပ်ပိုးပစ္စည်းဖြင့် Packing ပြုလုပ်ပြီး မိမိတို့၏ ကုန်တံဆိပ်အမှတ်အသားပါဝင်သော ကုန်ညွှန်းအမှတ်အသားကို ထုပ်ပိုးပစ္စည်းပေါ်တွင် သေချာစွာကပ်ပေးရပါမည်။ စားသုံးဆီကို ထုပ်ပိုးမှုမပြုလုပ်မီ ဦးစွာအရည်အသွေးစစ်ဆေးသင့်ပြီး အထားခံနိုင်မှုကာလ(Shelf Life) ကိုလည်း သုတေသနပြုလုပ်ထားသင့်ပါသည်။

စားသုံးဆီ၏ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက်တွင် End User ဖြစ်သည့် စားသုံးသူထံသို့မရောက်မီ ကြားအဆင့်တစ်ခုဖြစ်သော လက်လီဈေးကွက် သို့မဟုတ် ရပ်ကွက်ဈေးအဆင့်သည် ဆီအရည်အသွေးကျဆင်းမှုမြန်စေသော အဓိကနေရာဖြစ်နေပါသည်။ ဤသို့သောအခြေအနေ ဖြစ်ပေါ်လာရခြင်းမှာ ဆီရောင်းချသည့်စနစ်ပုံစံ မမှန်မှုကြောင့်ဖြစ်ပါသည်။ ဆီဈေးအထပ်ထပ်တက်နေသော ပုံးထဲမှဆီကို ဆီခြင်ခွက်(ဆီမှုတ်) ဖြင့် ခပ်ယူ၍ ခွက်မှောက်ခွက်လှန်စနစ်ဖြင့် ရောင်းချနေသောကြောင့် ပြင်ပလေနှင့် ဆီမျက်နှာပြင် ထိတွေ့မှုများခြင်းနှင့်အတူ ဆီထဲသို့ ဆီမဟုတ်သောပစ္စည်းများပါဝင်မှုရှိလာခြင်းတို့ ဖြစ်ပေါ်လာပြီး ဆီကိုပျက်စီးလာစေနိုင်ပါသည်။ ထိုသို့သော အခြေအနေဖြစ်ပေါ်နေသောဆီကို ဝယ်ယူစားသုံးသော စားသုံးသူကိုယ်တိုင်ကလည်း ရေရှည်ကာလတစ်ခုအတွက် သိုလှောင်စားသောက်ရန် ရည်ရွယ်ပါက ပျက်စီးနေသောဆီကြောင့် မိသားစုကျန်းမာရေးကိုပါ ထိခိုက်လာမည်ဖြစ်ပါသည်။

အရည်အသွေးမမီသော စားသုံးဆီများနှင့် အမျိုးအစားမမှန်ကန်သော စားသုံးဆီများကြောင့် နောက်ဆက်တွဲကြုံတွေ့လာရမည့် ကျန်းမာရေးထိခိုက်မှုမှ ကာကွယ်ပေးရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါး အာဏာပိုင်အဖွဲ့မှ အမိန့်ကြော်ငြာစာအမှတ် ၅၂၄/၂၀၂၁ ဖြင့် ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်တွင် အမှတ်တံဆိပ်ပါစားသုံးဆီကို ထိန်းချုပ်အစားအသောက်အဖြစ် သတ်မှတ်ကြောင်း အမိန့်ထုတ်ပြန်ခဲ့ပါသည်။

စာမျက်နှာ ၁၇ သို့ ❂

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ)မဟာထေရ်မြတ် ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိသာမဏေကျော်စာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ)မဟာထေရ်မြတ်သည် သက်တော်(၆၀)၊ သိက္ခာတော်(၄၀) အရ ထိုင်းနိုင်ငံ ဘုရင့်သမီးတော်ဆေးရုံ၌ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်၊ (၁၄-၂-၂၀၂၂)၊ တနင်္လာနေ့၊ မြန်မာစံတော်ချိန် နံနက်(၁:၅၅)နာရီအချိန်ခန့်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီး (၃၅)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်း ဒေသကြီး (၃၅)ကြိမ်မြောက် မဟာဘွဲ့နှင်းသဘင်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။



### အလေးထားဆောင်ရွက်

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများအလိုက် ဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း၊ ကော်မတီအလိုက် လုပ်ငန်းများ လစ်ဟာမှုမရှိအောင် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းနှင့် တောင်တန်းသာသနာပြုမည့် ဆရာတော်များဖြစ်သည့်အတွက် အခက်အခဲမရှိစေရန် အလေးထား ဆောင်ရွက်သွားရန်လိုကြောင်း၊ အခမ်းအနားကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များ နှင့်အညီ စနစ်တကျဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဦးယဉ်ထွေးက အခမ်းအနား ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု လုပ်ငန်းများ၊ သာသနာရေးဦးစီးဌာနနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ပြင်ဆင်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများ၊ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးများ၏ ဖြည့်စွက်ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရမည်းသင်းခရိုင်လျှပ်စစ်မန်နေဂျာရုံး ထမနဲထိုးပြိုင်ပွဲ ကျင်းပ

ရမည်းသင်း ဖေဖော်ဝါရီ ၁၄

ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးဝင်းအတွင်း ယနေ့ ညနေ ၃ နာရီက ထမနဲထိုးပြိုင်ပွဲကျင်းပရာ ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးအဖွဲ့၊ ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးအဖွဲ့၊ ပျော်ဘွယ်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးအဖွဲ့၊ ရန်အောင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးအဖွဲ့တို့မှ ငါးဖွဲ့ခွဲ၍ ပြိုင်ပွဲကျင်းပကြသည်။

ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးလိုင်းမင်းအဖွဲ့က ပထမဆု၊ ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးလိုင်းမင်းအဖွဲ့က ဒုတိယဆု၊ ပျော်ဘွယ်မြို့နယ် လျှပ်စစ်မန်နေဂျာရုံး လိုင်းမင်းအဖွဲ့က တတိယဆုများရရှိခဲ့ပြီး ရမည်းသင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံး မီတာစာရေးအဖွဲ့နှင့် ရန်အောင်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးလိုင်းမင်းအဖွဲ့တို့အား နှစ်သိမ့်ဆုများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

၁၄၄

❂ စာမျက်နှာ ၁၆ မှ

ထိုနည်းတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၉။)ပုဒ်မ ၈၃ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဟင်းသီးဟင်းရွက်ဆီ(Vegetable Oil၊ Cooking Oil)နှင့် စပ်လျဉ်းသည့် ကုန်ညွှန်းအမှတ်အသားဖော်ပြရာတွင် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံသားတိုင်း စားသုံးဆီကြောင့် ရင်ဆိုင်ကြုံတွေ့လာနိုင်သည့် ရောဂါဆိုးများမှ ကင်းဝေးစေရန်အလို့ငှာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက ကြပ်မတ်ဆောင်ရွက်နေသကဲ့သို့ စားသုံးသူများဘက်မှလည်း မိမိပေးလိုက်ရသည့် ဈေးနှုန်းနှင့် ပြန်လည်ရရှိလာမည့် အရည်အသွေးတန်ဖိုးကို ချိန်ညှိ၍ ခွက်မှောက်ခွက်လှန်စနစ်အား ချန်ထားခဲ့ပြီး ကုန်ညွှန်းအမှတ်အသား အပြည့်အစုံနှင့်တကွ FDA ထောက်ခံချက်ယူထားပြီးသော အမှတ်တံဆိပ်ပါ ဆီဘူးများ (Consumer Pack)ကိုသာ ရွေးချယ်ဝယ်ယူကာ မိမိတို့ စားသောက်မည့်ပမာဏကို သတ်မှတ်ထိန်းချုပ် စားသောက်သင့်ပါသည်။

ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးအန္တရာယ်ကင်းသော စားသုံးဆီများကို ပြည်တွင်း၌ပင်အရည်အသွေးမီ တိုးတက်ထုတ်လုပ်လာနိုင်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သောကြောင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုလျှော့ချနိုင်၍ နိုင်ငံတော်အတွက် အကျိုးရှိလာမည့်အပြင် လုပ်ငန်းရှင်များကိုယ်တိုင်လည်း မိမိတို့၏ ထုတ်ကုန်အရည်အသွေးမြှင့်တင်ခြင်း၊ ထုတ်ကုန်အရည်အသွေးထိန်းသိမ်းခြင်းတို့ဖြင့် အရည်အသွေးဆိုင်ရာကွင်းဆက်ဖြစ်စဉ် (Quality Chain Process) အရ ရောင်းအားကောင်းလာနိုင်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ် ကျဆင်းလာသောကြောင့် ဈေးနှုန်းကိုပါ တည်ငြိမ်လာနိုင်စေခြင်းဖြင့် စားသုံးသူအကျိုးစီးပွားကိုလည်း ကာကွယ်ရာရောက်မည်ဖြစ်ပါသည်။

သို့ပါ၍ စားသုံးဆီလုပ်ငန်းဆောင်ရွက်နေကြသောလုပ်ငန်းရှင်များအနေဖြင့်“ကုသိုလ်လည်းရ ဝမ်းလည်းဝ” ဆိုသည့် မြန်မာစကားပုံနှင့်အညီ မိမိအပါအဝင် စားသုံးသူများနှင့်အတူ နိုင်ငံတော်အတွက်ပါ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကျန်းမာ ရေးနှင့်ညီညွတ်သော အရည်အသွေးမြင့်စားသုံးဆီများကို တိုးတက်ထုတ်လုပ်၍ သန့်ရှင်းသပ်ရပ်သော အဆင့်မြင့်ထုပ်ပိုးမှုစနစ်ဖြင့် စေတနာရှေ့ထား၍ ထုတ်လုပ်ရောင်းချနိုင်ကြစေရန် ဆန္ဒပြုရေးသား လိုက်ရပါသည်။ ။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ညောင်သုံးပင်ပရိယတ္တိသာမဏေကျော်စာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တတေဇောသာရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓမ္မကထိကဗဟုဇနဟိတဓရ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဆင်ရွာ ခမည်းတော် ဦးစံသိန်း - မယ်တော် ဒေါ်အုန်းတို့မှ ၁၃၂၄-ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်၊ စနေနေ့တွင် ဖွားမြင်တော် မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်း ပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၃၇ -ခုနှစ်၊ တပို့တွဲလဆန်း(၁၀)ရက်နေ့တွင် ဝေါမြို့နယ် ဆင်ရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တစိတ္တရကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၄၄-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၆)ရက်နေ့တွင် အောင်ဆန်းမြို့ ရန်ကုန်သစ္စာဝါဒီကျောင်း ခဏ္ဍသိမ်၌ ပဲခူးမြို့မစာသင်တိုက် ဆရာတော် ဘဒ္ဒန္တကုလန္ဒာစာရကို ဥပဇ္ဈာယ်ပြု၍ ဦးမှုံ-ဒေါ်အေး မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်သည် ဝေါမြို့နယ် ဆင်ရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တစိတ္တရ၊ ပဲခူးမြို့ မြို့မစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကုလန္ဒာစာရ၊ မန္တလေးမြို့ မစိုးရိမ်တိုက်ဆရာတော်ဘဒ္ဒန္တကောဝိဒါဘိဝံသ၊ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်များနှင့် စာချဆရာတော်များ၊ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ဘဒ္ဒန္တကုဏ္ဍလဇောတိနှင့် စာချဆရာတော်များ စသောဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇဓမ္မာစရိယဘွဲ့၊ Ph.D(အိန္ဒိယ)ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ညောင်သုံးပင် ပရိယတ္တိသာမဏေကျော်စာသင်တိုက်တွင် စာသင်သားရဟန်း/သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချရေးသားတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်အဖြစ် လည်းကောင်း၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ၂၀၁၂-ခုနှစ်မှစ၍ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ် လည်းကောင်း၊ ၂၀၁၄-ခုနှစ် ပဉ္စမအကြိမ်ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီး၌ လုပ်ထုံးလုပ်နည်းပြင်ဆင်ရေးတာဝန်၊ နိုင်ငံတော်သံဃဝိနိစ္ဆယစီရင်ထုံးစာအုပ်ပြုစုရေးအဖွဲ့တို့တွင် တာဝန်ထမ်းဆောင်တော်မူခဲ့ပြီး ၂၀၁၆-ခုနှစ်မှစ၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ၂၀၁၉-ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့်ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်အား ၂၀၁၃-ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့၊ ၂၀၁၉-ခုနှစ်တွင် ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့နှင့် ၂၀၂၂-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၆၀)၊ သိက္ခာတော်(၄၀) အရ ထိုင်းနိုင်ငံ ဘုရင့်သမီးတော်ဆေးရုံ၌ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်၊ (၁၄-၂-၂၀၂၂)၊ တနင်္လာနေ့၊ မြန်မာစံတော်ချိန် နံနက်(၁:၅၅)နာရီအချိန်ခန့်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

# ပဲခူးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ပေးခဲ့သော ဝန်ထမ်းအိမ်ရာနှင့် အငှားအိမ်ရာတိုက်ခန်းများ

ခရမ်းစိုးမြင့်

ပဲခူးတိုင်းဒေသကြီးသည် ဘုရင်တပင်ရွှေထီး နတ်ရွာစံပြီးနောက် ဘုရင့်နောင်မင်းတရားကြီးက မြန်မာသက္ကရာဇ် ၉၁၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်နေ့၌ ဟံသာဝတီမြို့တော်တွင် ကမ္ဘောဇသာဒီ ရွှေနန်းတော်ကြီး တည်ဆောက်ပြီး နန်းတက်ပွဲစတင်ခြင်းဖြင့် သမိုင်းအထောက်အထားများစွာပြည့်ဝနေသော ဒုတိယမြန်မာနိုင်ငံတော်ကြီးအဖြစ် မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့သည်။ ထို့အပြင် သရေခေတ္တရာသည်လည်း ပျူလူမျိုးတို့အခြေပြုနေထိုင်ခဲ့သည့် မြို့ပြနိုင်ငံများအဖြစ် တည်ရှိခဲ့သောကြောင့် အဖိုးမဖြတ်နိုင်သော တိုင်းဒေသကြီးတစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

ထိုသို့တန်ဖိုးမဖြတ်နိုင်ဘဲ သမိုင်းအမွေအနှစ်များ ပြီးပြည့်စုံနေသော ပဲခူးတိုင်းဒေသကြီးကို နိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုဘဏ္ဍာငွေများဖြင့် ဝန်ထမ်းအိမ်ရာနှင့် ပြည်သူ့အတွက် အငှားအိမ်ရာများကို ပုဂ္ဂလိကကုမ္ပဏီများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။


ပဲခူးမြို့ရှိ ရှင်စောပုဝန်ထမ်းအိမ်ရာများကို တွေ့ရစဉ်။

## ပြည်သူ့အငှားအိမ်ရာနှင့် ဝန်ထမ်းအိမ်ရာများ

ပဲခူးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ပြည်သူ့အငှားအိမ်ရာနှင့် ဝန်ထမ်းအိမ်ရာများအား တည်ဆောက်ပေးလျက်ရှိရာ ပဲခူးမြို့တွင် ရှင်စောပုဝန်ထမ်းအိမ်ရာ၊ ဟံသာဝတီဝန်ထမ်းအိမ်ရာ၊ ဘုရင့်နောင်ဝန်ထမ်းအိမ်ရာ၊ ဥသျှောပြည်သူ့အငှားအိမ်ရာနှင့် ညောင်လေးပင်မြို့ ဝန်ထမ်းအိမ်ရာ၊ ဝေါမြို့နယ် ဝန်ထမ်းအိမ်ရာ၊ ကျောက်တံခါးမြို့ ဝန်ထမ်းအိမ်ရာ၊ ရေတာရှည်မြို့ ဝန်ထမ်းအိမ်ရာ၊ ပြည်မြို့တွင် ရွှေဟင်္သာဝန်ထမ်းအိမ်ရာ၊ သာယာဝတီမြို့ ဝန်ထမ်းအိမ်ရာနှင့် တောင်ငူနှင့် မင်းလှမြို့တို့တွင် ပြည်တော်သာဝန်ထမ်းအိမ်ရာများကို တည်ဆောက်ပေးခဲ့သည်။ ပဲခူးမြို့ ရှင်စောပုဝန်ထမ်းအိမ်ရာတွင် အဆောက်အအုံဟောင်းများကို ၂၀၁၅ ခုနှစ်မှစ၍ ဖျက်သိမ်းပြီး အဆောက်အအုံသစ်များ တည်ဆောက်ခဲ့ရာ ယခုအခါ လေးခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၉ လုံး အခန်းပေါင်း ၃၇၆ ခန်းပြီးစီး၍ ဝန်ထမ်း ၃၇၅ ဦးအား နေရာချထားသည်။ ဟံသာဝတီဝန်ထမ်းအိမ်ရာကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ခြောက်ခန်းတွဲ နှစ်ထပ်တစ်လုံး၊ လေးခန်းတွဲနှစ်ထပ် တစ်လုံး၊ နှစ်ခန်းတွဲနှစ်ထပ် တစ်လုံး စုစုပေါင်းတိုက်သုံးလုံး၊ အခန်းပေါင်း ၂၄ ခန်း တည်ဆောက်ခဲ့ပြီး နေရေးခက်ခဲလျက်ရှိသောဝန်ထမ်း ၂၄ ဦးအား နေရာချထားပေးပြီးဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဥသျှောမြေ၌ရှိသည့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီးညွှန်ကြားရေးမှူး ဒေါ်စိန်ထိုက်သူက ပြောသည်။

## ဝန်ထမ်းများအား နေရာချထားပေးရန် စီစဉ်

ထို့အပြင် ပဲခူးမြို့မှ ဘုရင့်နောင်ဝန်ထမ်းအိမ်ရာကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ ငါးထပ်တိုက်လေးလုံး၊ အခန်းပေါင်း ၈၀ တည်ဆောက်ပြီးစီးနေပြီဖြစ်၍ ဝန်ထမ်းများအား နေရာချထားပေးရန် စီစဉ်လျက်ရှိသည်။ လာမည့်ဘဏ္ဍာနှစ်များတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေရရှိမှုပေါ်မူတည်၍ အရာထမ်းအိမ်ရာနှင့် ဝန်ထမ်းအိမ်ရာများကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပဲခူးမြို့ ဥသျှောမြို့သစ်၌ ပြည်သူ့အငှားအိမ်ရာကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ လေးထပ်အဆောက်အအုံ ခုနစ်လုံးဖြင့် စတင်ဆောက်လုပ်ခဲ့ပြီး ယခုအခါ လေးခန်းတွဲ လေးထပ် အဆောက်အအုံ ၁၀ လုံး၊ အခန်းပေါင်း ၁၆၀ တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါ အငှားအိမ်ရာကို အငြိမ်းစားဝန်ထမ်းများ၊ ပြည်သူများအား သက်သာသည့် အိမ်လခနှုန်းထားများဖြင့် သတ်မှတ်၍ အငှားချထားပေးလျက်ရှိကြောင်း သိရသည်။

ပဲခူးခရိုင် ညောင်လေးပင်မြို့တွင် ဝန်ထမ်းအိမ်ရာကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ လေးခန်းတွဲ ငါးထပ်အဆောက်အအုံသုံးလုံး၊ အခန်းပေါင်း ၆၀ တည်ဆောက်ပြီးစီး၍ နေရေးခက်ခဲလျက်ရှိသော ဝန်ထမ်း ၆၀ အား နေရာချထားပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေရရှိမှုနှင့် မြေနေရာရရှိမှုပေါ်မူတည်၍ နောင်လာမည့်နှစ်များတွင် ဝန်ထမ်းအိမ်ရာများ ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။ ပဲခူးခရိုင် ဝေါမြို့ ဝန်ထမ်းအိမ်ရာကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ ငါးထပ်အဆောက်အအုံတစ်လုံး၊ အခန်းပေါင်း ၂၀ တည်ဆောက်ပြီးစီး၍ နေရေးခက်ခဲလျက်ရှိသော ဝန်ထမ်းများအား နေရာချထားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ ပဲခူးခရိုင် ကျောက်တံခါးမြို့ ဝန်ထမ်းအိမ်ရာကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ ငါးထပ်အဆောက်အအုံတစ်လုံး၊ အခန်းပေါင်း ၂၀ တည်ဆောက်ပြီးစီး၍ နေရေးခက်ခဲလျက်ရှိသော ဝန်ထမ်းများအား နေရာချထားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။


တောင်ငူမြို့ ပြည်တော်သာဝန်ထမ်းအိမ်ရာများကို တွေ့ရစဉ်။

## တိုက်ဟောင်းများ ဖျက်သိမ်း

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့ရှိ ပြည်တော်သာဝန်ထမ်းအိမ်ရာကို ၁၉၅၅ ခုနှစ်တွင် လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ ၂၅ လုံး၊ အခန်းပေါင်း ၂၀၀ တည်ဆောက်နေရာချထားပေးခဲ့သည်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ တိုက်ဟောင်းများဖျက်သိမ်းပြီး လေးခန်းတွဲ လေးထပ်၊ လေးခန်းတွဲ ငါးထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံများတည်ဆောက်ခဲ့ရာ ယခုအခါ အဆောက်အအုံကိုးလုံး၊ အခန်းပေါင်း ၁၆၈ ခန်းနှင့် အဆောက်အအုံဟောင်း ၁၆ လုံး၊ အခန်းပေါင်း ၁၂၈ ခန်း စုစုပေါင်းအဆောက်အအုံ ၂၅ လုံး၊ အခန်းပေါင်း ၂၉၆ ခန်းကို နေရာချထားပေးခဲ့ပြီးဖြစ်သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ ငါးထပ်တစ်လုံး၊ အခန်း ၂၀ တည်ဆောက်ပြီးစီးနေပြီဖြစ်ရာ နေရေးခက်ခဲလျက်ရှိသော ဝန်ထမ်းများအား နေရာချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဆက်လက်၍လည်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေရရှိမှုပေါ်မူတည်၍ နောင်လာမည့်နှစ်များတွင် ၁၉၅၅ ခုနှစ်ကတည်းက တည်ဆောက်ပြီးစီးသည့်တိုက်ဟောင်းများကို စနစ်တကျဖျက်သိမ်း၍ ဝန်ထမ်းအိမ်ရာအသစ်များ ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့ရှိ ဝန်ထမ်းအိမ်ရာကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ ငါးထပ်အဆောက်အအုံ သုံးလုံး၊ အခန်းပေါင်း ၆၀ တည်ဆောက် ပြီးစီး၍ နေရေးခက်ခဲလျက်ရှိသော ဝန်ထမ်း ၆၀ အား နေရာချထားပေးခဲ့ ပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၁၉ သို့ ◆

**“တောင်ငူမြို့ရှိ ပြည်တော်သာဝန်ထမ်းအိမ်ရာကို ၁၉၅၅ ခုနှစ်တွင် လေးခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာ ၂၅ လုံး၊ အခန်းပေါင်း ၂၀၀ တည်ဆောက်နေရာချထားပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ တိုက်ဟောင်းများဖျက်သိမ်းပြီး လေးခန်းတွဲလေးထပ်၊ လေးခန်းတွဲ ငါးထပ်ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ တည်ဆောက်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ ငါးထပ်တစ်လုံး၊ အခန်း ၂၀ တည်ဆောက်ပြီးစီးနေပြီဖြစ်ရာ နေရေးခက်ခဲလျက်ရှိသောဝန်ထမ်းများအား နေရာချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်”**

◆ စာမျက်နှာ ၁၈ မှ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ရှိ ရွှေဟသ်ာဝန်ထမ်းအိမ်ရာကို ၁၉၅၅ ခုနှစ်တွင် လေးခန်းတွဲနှစ်ထပ် ဝန်ထမ်း အိမ်ရာ ၂၅ လုံး၊ အခန်းပေါင်း ၂၀၀ တည်ဆောက် နေရာချထားပေးခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစ၍ တိုက်ဟောင်းများ ဖျက်သိမ်းကာ လေးခန်းတွဲ လေးထပ်၊ လေးခန်းတွဲ ငါးထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံများ တည်ဆောက်ခဲ့ရာ ယခုအခါ အဆောက်အအုံရှစ်လုံး၊ အခန်းပေါင်း ၁၅၂ ခန်းနှင့် အဆောက်အအုံပေါင်း ၂၁ လုံး၊ အခန်းပေါင်း ၁၆၈ ခန်း၊ စုစုပေါင်း တိုက် ၂၉ လုံး၊ အခန်း ၃၂၀ ကို နေရာချထားပေးပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ ငါးထပ်သုံးလုံး၊ အခန်း ၆၀ တည်ဆောက်ပြီးစီးနေပြီဖြစ်၍ နေရေးခက်ခဲလျက်ရှိသော ဝန်ထမ်းများအား နေရာချထားပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

## မင်းလှမြို့ရှိ ပြည်တော်သာ ဝန်ထမ်းအိမ်ရာ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့ရှိပြည်တော်သာဝန်ထမ်းအိမ်ရာကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ ငါးထပ်အဆောက်အအုံ တစ်လုံးဖြင့် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ ငါးထပ်အဆောက်အအုံ သုံးလုံး၊ အခန်းပေါင်း ၆၀ တည်ဆောက်ပြီးစီး၍ နေရေးခက်ခဲလျက်ရှိသော ဝန်ထမ်း ၆၀ အား နေရာချထားပေးခဲ့ပြီးဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့ရှိ ဝန်ထမ်းအိမ်ရာကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ ငါးထပ်အဆောက်အအုံ တစ်လုံးဖြင့် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် လေးခန်းတွဲ ငါးထပ်အဆောက်အအုံ သုံးလုံး၊ အခန်းပေါင်း ၆၀ တည်ဆောက်ပြီးစီး၍ နေရေးခက်ခဲလျက်ရှိသောဝန်ထမ်း ၆၀ အား နေရာချထားပေးခဲ့ပြီးဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥသျှောင်မြို့သစ်၌ တည်ဆောက်ထားသည့် အငှားအိမ်ရာတိုက်ခန်းများကို ငှားရမ်းရာတွင် ဝန်ထမ်းဟောင်း၊ ပင်စင်စား အိမ်ရာမရှိသူများနှင့် အိမ်ပိုင်မရှိသူ ပြည်သူများကို လျှောက်လွှာတင်စေပြီး တိုင်းဒေသကြီးအစိုးရဝန်ကြီးတစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အိမ်ရာအငှားချထားရေးကော်မတီက စိစစ်ရွေးချယ်ကာ ငှားရမ်းပေးခဲ့ကြောင်းနှင့် ယခု အသစ်ဆောက်လုပ်ပြီးသည့်အငှားတိုက်ခန်း အိမ်ရာများကိုလည်း ထိုကော်မတီကပင် ဆက်လက်စိစစ်ငှားရမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

## ကျပ်သန်း ၁၀၀ နှင့်အထက် တည်ဆောက်ရေးလုပ်ငန်းများ

ပဲခူးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများမှာ ကျပ်သန်း ၁၀၀ နှင့်အထက် တည်ဆောက်ရေးလုပ်ငန်းများတွင် ပဲခူးမြို့၌ ဘုရင့်နောင်ဝန်ထမ်းအိမ်ရာ လေးခန်းတွဲငါးထပ် လေးလုံး၊ အခန်း ၈၀ ပါ တစ်လုံး၊ ဥသျှောင်ပြည်သူ့အငှားအိမ်ရာ လေးခန်းတွဲ လေးထပ်၊ အခန်း ၁၆ ခန်းပါ တစ်လုံး၊ ဝေါမြို့နယ်၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲငါးထပ်၊ အခန်း ၂၀ ပါတစ်လုံး၊ ကျောက်တံခါးမြို့၌ တည်ဆောက်ပေးခဲ့သည့် ဝန်ထမ်းအိမ်ရာ လေးခန်းတွဲငါးထပ်၊ အခန်း ၂၀ ပါတစ်လုံး၊ တောင်ငူမြို့၌ တည်ဆောက်ပေးခဲ့သည့် ပြည်တော်သာ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲငါးထပ်၊ အခန်း ၂၀ ပါတစ်လုံး၊ ရေတာရှည်မြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ ငါးထပ်၊ အခန်း ၂၀ ပါတစ်လုံး၊ ပြည်မြို့၌ ရွှေဟသ်ာ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ ငါးထပ် သုံးလုံး၊ အခန်း ၆၀ နှင့် Infra လုပ်ငန်းများဖြစ်သည်။

ကျပ်သန်း ၁၀၀ အောက်တည်ဆောက်ရေးလုပ်ငန်းများမှာ ပဲခူးမြို့ ရှင်စောပုဝန်ထမ်းအိမ်ရာ၌ တိုင်းရုံးအစည်းအဝေးခန်းမ တိုးချဲ့ဆောက်လုပ်ခြင်း၊ တိုင်းရုံး အဝင်လမ်းထပ်ပိုးခင်းခြင်းနှင့် ကားပါကင်ကြားနိမ့်လျှောထပ်ပိုးခင်းခြင်း၊ ဝန်ထမ်းအိမ်ရာတွင် အုတ်ရေမြောင်းဖုံး ပြုလုပ်ခြင်း၊ မြေယာရှုခင်းဆောင်ရွက်ခြင်းလုပ်ငန်း၊ ပန်းခြံ၊ မြေယာရှုခင်းနှင့် ကလေးကစားကွင်းပြုလုပ်ခြင်း လုပ်ငန်းများ၊ ညောင်လေးပင်မြို့ဝန်ထမ်းအိမ်ရာ၌ ကားပါကင်ပြုလုပ်ခြင်း၊ တောင်ငူမြို့ ပြည်တော်သာ ဝန်ထမ်းအိမ်ရာ၌ ခရိုင်ရုံးရှေ့ ကွန်ကရစ်ခင်းခြင်း၊ ခရိုင်ရုံးရှေ့ ကားပါကင်ပြုလုပ်ခြင်း၊ Box Culvert တစ်ခုပြုလုပ်ခြင်း၊ ခရိုင်ရုံးအတွင်းရှိ ဝင်ပေါက်တံခါး၊ ပြတင်းပေါက်များတွင် သံပန်းများတပ်ဆင်ခြင်း၊ ခရိုင်ရုံးအောက်ကြမ်းခင်း ဘရောင်ဆီခင်းခြင်း၊ အလံတိုင် စိုက်ထူတပ်ဆင်ခြင်း၊ အိမ်ရာဝင်းအတွင်း မြေယာရှုခင်း၊ ပန်းခြံနှင့် ကလေးကစားကွင်းပြုလုပ်ခြင်းလုပ်ငန်းများ၊ ပြည်မြို့ ရွှေဟသ်ာဝန်ထမ်းအိမ်ရာ၌ ခရိုင်ရုံး အောက်ကြမ်းခင်း ဘရောင်ဆီခင်းခြင်း၊ ခရိုင်ရုံးအလံတိုင် စိုက်ထူတပ်ဆင်ခြင်း၊ အိမ်ရာဝင်းအတွင်း မြေယာရှုခင်း၊ ပန်းခြံနှင့် ကလေးကစားကွင်း ပြုလုပ်ခြင်း လုပ်ငန်းများဖြစ်သည်။ လျှပ်စစ်လုပ်ငန်းများမှာ တောင်ငူမြို့နှင့် ရေတာရှည်မြို့ ဝန်ထမ်းအိမ်ရာ၌ လျှပ်စစ်မီးရရှိရေး လုပ်ငန်း၊ ပြည်မြို့ ရွှေဟသ်ာဝန်ထမ်းအိမ်ရာ၌ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများဖြစ်သည်။



ပြည်မြို့ရှိ ရွှေဟသ်ာဝန်ထမ်းအိမ်ရာများကို တွေ့ရစဉ်။

## ကျပ်သန်း ၁၀၀ နှင့်အောက် တည်ဆောက်ရေးလုပ်ငန်းများ

ပဲခူးတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget)တွင် တည်ဆောက်လျက်ရှိသည့် ကျပ်သန်း ၁၀၀ နှင့်အောက် တည်ဆောက်ရေးလုပ်ငန်းများမှာ ပဲခူးမြို့ ဘုရင့်နောင်ဝန်ထမ်းအိမ်ရာ၌ ကွန်ကရစ်လမ်းခင်းခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ ကားပါကင်ပြုလုပ်ခြင်း၊ Box Culvert တစ်စင်း တည်ဆောက်ခြင်း၊ စီမံကိန်းအဝင်လမ်း မြေဖို့ခြင်းလုပ်ငန်းများ၊ ပဲခူးမြို့ ဥသျှောင်ပြည်သူ့အငှားအိမ်ရာ၌ အိမ်ရာအဝင် ကွန်ကရစ်လမ်းခင်းခြင်းနှင့် အိမ်ရာအဆောက်အအုံ တိုက်ကြားလမ်းခင်းခြင်းလုပ်ငန်းများ၊ တောင်ငူမြို့ ပြည်တော်သာအိမ်ရာ၌ ခရိုင်ရုံး အုတ်ခြံစည်းရိုးကာရံခြင်း၊ အိမ်ရာဝင်းအုတ်ခြံစည်းရိုးကာရံခြင်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ၊ ရေတာရှည်မြို့ ဝန်ထမ်းအိမ်ရာ၌ အုတ်ခြံစည်းရိုး ကာရံခြင်းနှင့် အိမ်ရာဝင်းအတွင်း မြေသားပြုပြင်ခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ၊ ပြည်မြို့ ရွှေဟသ်ာ ဝန်ထမ်းအိမ်ရာ၌ ကွန်ကရစ်လမ်းဘေးတစ်ဖက်တစ်ချက် ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများ၊ မင်းလှမြို့ ပြည်တော်သာ ဝန်ထမ်းအိမ်ရာ၌ တိုက်အမှတ်(၃) အဝင်လမ်းခင်းခြင်း၊ ကားပါကင်ပြုလုပ်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်း၊ မင်းလှမြို့၊ ပြည်တော်သာ ပြည်သူ့အိမ်ရာ၌ အိမ်ရာဝင်းအတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများဖြစ်သည်။

ကျပ် ၁၀ သန်းအောက် တည်ဆောက်ရေးလုပ်ငန်းများမှာ ပဲခူးမြို့ ဘုရင့်နောင်ဝန်ထမ်းအိမ်ရာ၌ မြေယာရှုခင်း၊ ပန်းခြံနှင့် ကလေးကစားကွင်းပြုလုပ်ခြင်း၊ တောင်ငူမြို့၊ ပြည်တော်သာအိမ်ရာ၌ ကားပါကင်အမိုးပြုလုပ်ခြင်း၊ ပြည်မြို့ ရွှေဟသ်ာဝန်ထမ်းအိမ်ရာ၌ ခရိုင်ရုံးရှေ့ အဝင်လမ်းခင်းခြင်း၊ အမိုးဖြင့် ကားပါကင်ပြုလုပ်ခြင်း၊ ခရိုင်ရုံး သံပန်းတပ်ဆင်ခြင်း၊ အိမ်ရာဝင်းအတွင်းပန်းခြံ၊ မြေယာရှုခင်း၊ ကလေးကစားကွင်း ဆောင်ရွက်ခြင်း၊ မင်းလှမြို့ ပြည်တော်သာ ဝန်ထမ်းအိမ်ရာ၌ ကားပါကင်နှင့် Box Culvert ပြုလုပ်ခြင်း၊ သာယာဝတီမြို့ဝန်ထမ်းအိမ်ရာ၌ အိမ်ရာဝင်းအတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကားပါကင် ပြုလုပ်ခြင်းများဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးသည် အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၁၅၂၁၄ ဒသမ ၁၃ မိုင် ကျယ်ဝန်းပြီး လူဦးရေ ငါးသန်းကျော် နေထိုင်လျက်ရှိသည်။ လယ်မြေဧက သုံးသန်းကျော်နှင့် ဧကပေါင်းများစွာသော သစ်တောများ၊ မြေလွတ်မြေရိုင်းများ၊ မြေအရင်းအမြစ်များလည်း ပေါကြွယ်ဝသည်။ ၂၀၁၄ ခုနှစ် ကောက်ယူရရှိသော သန်းခေါင်စာရင်းအရ တိုင်းဒေသကြီး တစ်ခုလုံး၌ ရှိသော လူဦးရေငါးသန်း၏ ၆၀ ရာခိုင်နှုန်းသည် အလုပ်လုပ်နိုင်သော လုပ်သားထုကြီးဖြစ်သည်ဆို၏။ ထို့ကြောင့် ပဲခူးတိုင်းဒေသကြီးတစ်ခုလုံးကို စီးပွားရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် တိုင်းဒေသကြီးအတွင်းရှိ အချက်အချာကျသောမြို့များတွင် ရုံးချုပ်နှင့် ပူးပေါင်း၍ စက်မှုဇုန်များရေးဆွဲအကောင်အထည်ဖော်ခြင်း၊ မြို့နယ် ၂၈ မြို့နယ်နှင့် မြို့ ၅၁ မြို့ရှိသည့် အနက် ရှစ်မြို့ကို Town Plan ရေးဆွဲခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ။



ပဲခူးမြို့ ဥသျှောင်ပြည်သူ့အငှားအိမ်ရာတိုက်တစ်လုံးကို တွေ့ရစဉ်။

# ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း

နန္ဒာသိန်းဇံ

(ယခင်အပတ်မှအဆက်)

ဟုတ်တယ်။ ပျင်းပြီ၊ တွေဝေပြီ၊ လေးတွဲ့ပြီဆိုရင် လုပ်သင့်တာမလုပ်ဘဲ အချိန်တွေကို ဟိုရွှေ့ ဒီရွှေ့ ရွှေ့တယ်။ လုပ်သင့်တာမလုပ်ဘဲ အချိန်တွေကို ရွှေ့ရွှေ့ပစ်ခြင်းဟာ ဝင်လာတဲ့ အခါအခွင့်ကောင်းတွေကို ရွှေ့ရွှေ့ပစ်ရာ၊ ဖယ်ဖယ်ပစ်ရာရောက်တယ်။ ကျော်ခိုင်းပစ်ရာရောက်တယ်။ နောင်အချိန်လွန်သွားတဲ့အခါကျတော့မှ "ငါ့နှယ် ဒါကို မလုပ်လိုက်မိလေခြင်း"၊ "ဒါကို ယူလိုက်မိရင် အကောင်းသား" စတဲ့နောင်တတွေရတော့တာပဲ။

ငယ်ရွယ်ချိန် စာပေသင်နိုင်ခွင့်၊ ဆည်းပူးနိုင်ခွင့် ရခဲ့ပါလျက် မသင်ခဲ့၊ မဆည်းပူးခဲ့မိတာတွေ၊ ကိုယ့်အနီးအနားမှာ သက်ဆိုင်ရာပညာရပ်တွေမှာ ကျွမ်းကျင်တတ်မြောက်ကြတဲ့ ပုဂ္ဂိုလ်ကြီးတွေ အသက်ထင်ရှားရှိနေပါလျက် ယူသင့်ယူထိုက်၊ ဆည်းပူးသင့် ဆည်းပူးထိုက်တဲ့ ပညာကို မဆည်းပူးလိုက်မိခြင်းတွေ၊ ကိုယ့်အပေါ်မှာ ဘယ်သူမှ မချစ်နိုင်တဲ့ချစ်ခြင်းမျိုး၊ ဘယ်သူမှ မထားနိုင်တဲ့ စေတနာမျိုး၊ ဘယ်သူမှမလုပ်နိုင်တဲ့ ပြုစုစောင့်ရှောက်ခြင်းမျိုးနဲ့ချစ်ခဲ့၊ စေတနာထားခဲ့၊ ပြုစုစောင့်ရှောက်ခဲ့တဲ့ မိခင်အို၊ ဖခင်အိုတွေရှိနေပါလျက် တုံ့ပြန်ပြီး မပြုစုမစောင့်ရှောက်ခဲ့မိတာတွေကို နောင်အချိန်လွန်တဲ့အခါ နောင်တကြီးစွာရတာပဲ။ စိတ်ကောင်းစေတနာနဲ့ ကောင်းတာ မွန်မြတ်တာတွေကို မလုပ်ခဲ့မိတာတွေ၊ တိုးတက်အောင်မြင်ဖို့ အခြေအနေကောင်းတွေရခဲ့ပါလျက် (ရလို့ရနေမှန်းကလည်း မသိတော့) တိုးတက်အောင်မြင်အောင် မလုပ်ခဲ့မိတာတွေကို အချိန်လွန် အရွယ်လွန်ပြီး အခွင့်အခါကောင်းတွေ လွန်ကုန်တဲ့ အခါမှာ နောင်တတွေရပြန်တာပဲ။ တိုးတက်အောင်မြင်ဖို့အခြေအနေရှိတုန်း၊ တိုးတက်အောင်မြင်အောင် ကြိုးစားနိုင်တဲ့ စိတ်ခွန်အား ရုပ်ခွန်အား ရှိတုန်းမှာ တိုးတက်အောင်မြင်အောင်၊ ဒါမှမဟုတ် ပြည့်စုံသင့် ပြည့်စုံထိုက်တာကို ပြည့်စုံအောင် မကြိုးစားခဲ့သူဟာ အရွယ်လွန်တဲ့အခါ ဘဝနေရေး မလုမပနိုင်ပုံကို ဗုဒ္ဓစာပေမှာ ကြိုးကြာငှက်အိုကြီးနဲ့ ဥပမာနှိုင်းပြထားတာရှိတယ်။

ကြိုးကြာကြီးဟာ အသက်ကလည်းအို၊ အတောင်ကလည်း ကျွတ်ကုန်ပြီဆိုတော့ အစာပေါ်တဲ့ ချောင်းမြောင်းအင်းအိုင်တွေဆီ ပျံသန်းပြီး အစာ မရှာနိုင်တော့ဘူး။ ဒီတော့ အနီးအနားက ရေခန်းနေတဲ့ ငါးလည်းကုန်နေပြီဖြစ်တဲ့ အိုင်ဘေးမှာ ငါးတစ်ကောင်တလေ ရလေနိုးနဲ့ ညှိုးညှိုးငယ်ငယ် မှိုင်မှိုင်တွေတွေ အစာစောင့်နေတာလိုပဲတဲ့။ အချိန်ရှိတုန်း၊ အခါအခွင့်ရတုန်း၊ သန်သန်မာမာရှိတုန်း အောင်မြင်ဖြစ်ထွန်းသင့်တာကို အောင်မြင်ဖြစ်ထွန်းအောင် စိစိစစ်စစ် စည်းကမ်းတကျ စုဆောင်းသင့်တာ စုဆောင်းမိအောင် မကြိုးစားခဲ့ဘဲ အသက်ကြီးမှ အပန်းတကြီး ဝမ်းစာရှာနေတဲ့အဖြစ်မျိုးဟာ ကြေကွဲဖို့ကောင်းတယ်။ ဘယ်လောက် အပန်းတကြီးရှာဖွေပေမယ့်လည်း အားအင်ချည့်နဲ့တဲ့ ခန္ဓာ၊ ရီဝေတဲ့မျက်လုံး၊ ကျဆင်းနေတဲ့ စိတ်ဓာတ်တွေနဲ့ဆိုတော့ ဘယ်နေရာမှာမှ အောင်မြင်တယ်ရယ် မရှိဘဲ မှိုင်တွေချနေရတာက များနေမှာပဲ။ ဘဝရဲ့ ဆည်းဆာညနေချိန်မှာ တခြားအားကိုးရမယ့်သူလည်းမရှိဘဲ ကြေကြေကွဲကွဲနဲ့ ငေးငိုင်တွေဝေနေရတဲ့အထီးကျန်ဘဝမျိုးဟာ သိပ်ကိုဆွေးမြည့်ဖွယ်ကောင်းမှာပဲ။

ဒီတော့ အခါအခွင့်ရခိုက်မှာ လုပ်သင့်လုပ်ထိုက်တာကို လုပ်ဖို့၊ လုပ်နေဖို့၊ ကြိုးစားသင့် ကြိုးစားထိုက်တာကို ကြိုးစားဖို့၊ ကြိုးစားနေဖို့ လိုမှာပဲ။ လူ့ဘဝသက်တမ်းဟာ တကယ်တော့ တိုတောင်းလွန်းပါတယ်။ တိုတောင်းတဲ့ဘဝမှာ စောစောကပြောခဲ့တဲ့ ပန်းပုရုပ် ဥပမာလိုပဲ၊ ရလာတဲ့အခါအခွင့်တွေဟာလည်း သိပ်ကြာကြာ နေမှာမဟုတ်ဘူး။ မကြာမတင်ကုန်သွားတတ်၊ လွန်သွားတတ်၊ ထွက်ခွာသွားတတ်တာပဲ။ အချိန်တွေရွှေ့ပြီး ပျင်းရိနေလိုက်ရင် အခွင့်အခါကောင်းတွေ အများကြီးလွန်ကုန်နိုင်တယ်ဆိုတာ သတိထားပြီး မှန်မှန်ကြီးကြိုးစားနေရမှာပဲ။

မှန်မှန်ကြီးကြိုးစားနေသူဟာ အခါအခွင့်ကောင်းနဲ့ ရင်ဆိုင်တိုးမိမှာပါပဲ။ လွဲချော်သွားဖို့ သိပ်မရှိပါဘူး။

ဒီတော့ ဘဝမှာ ရသင့်ရထိုက်တဲ့ အခွင့်အခါကောင်းတွေကိုရဖို့ "ဝီရိယရှိလျှင် လောက၌ မထမြောက် မအောင်မြင်နိုင်တာဟူသည်မရှိ" လို့ အားမာန်တင်းပြီး ကြိုးစားရမှာပဲ။ ကြိုးစားနေရမှာပဲဖြစ်ပါတယ်။ ။

■

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**ကိုယ့်ကိုယ်ကိုယ်သင်ယူပါ**

"သင်မွေးဖွားစဉ်က ဆင်းရဲရခြင်းသည် သင့်အပြစ်မဟုတ်ပေ။ သို့သော် အကယ်၍ သင်သည် ဆင်းဆင်းရဲရဲဘဝနှင့် သေဆုံးရမည်ဆိုပါက သင်၏အပြစ်သာဖြစ်ပေသည်။"

ဘီ(လ်)ဂိတ်(စ်)

(ကမ္ဘာကျော်သန်းကြွယ်သူဌေးကြီး)

လူတိုင်းလူတိုင်းသည် တစ်ရက်လျှင် ၂၄ နာရီကို အညီအမျှရရှိကြသည်။ လူသားအဖြစ် စတင်ရရှိလာချိန်ကတည်းက လူတို့၏ရရှိရမည့်မွေးရာပါ အခွင့်အရေးများ အညီအမျှရရှိခဲ့ကြသည်သာဖြစ်ပြီး အချိန်အားဖြင့်လည်း အညီအမျှရရှိကြပြီးဖြစ်ပေသည်။

ကမ္ဘာကျော် သန်းကြွယ်သူဌေးကြီး ဘီ(လ်)ဂိတ်(စ်)၏ မှတ်သားဖွယ်ရာ စကားတစ်ခွန်းကိုလည်း အလွတ်ရရှိနေအောင် မှတ်သားဖူးပါသည်။

ယင်းစကားသည် ကြီးပွားချမ်းသာလိုသူတိုင်းအတွက် ထာဝရအမှတ်တရ ရှိနေရန် ကွန်ပျူတာဖြင့် စာလုံးကြီးကြီးရိုက်ကာ မိမိနေ့စဉ်မြင်တွေ့နိုင်သောနေရာတွင် ချိတ်ဆွဲထားသင့်ပေသည်။ နေ့စဉ်အသုံးပြုကာ ရွတ်ဖတ်မှုကို ဆယ်ကြိမ်ထက်မနည်း လုပ်ဆောင်သင့်သည်။

"သင်မွေးဖွားစဉ်က ဆင်းရဲရခြင်းသည် သင့်အပြစ်မဟုတ်ပေ။ သို့သော် အကယ်၍ သင်သည်ဆင်းဆင်းရဲရဲဘဝနှင့် သေဆုံးရမည်ဆိုပါက သင်၏အပြစ်သာဖြစ်ပေသည်" ဟူသည့် စကားတစ်ခွန်းပင်ဖြစ်သည်။



လောက လူသားအားလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော စကားဖြစ်သည်။ နိယာမအရလည်း မှန်ကန်မှုရှိလေသည်။ လူသည်မွေးကတည်းက ချမ်းသာလာကြသည်မဟုတ်။ မိဘမျိုးရိုးစဉ်ဆက် ချမ်းသာမှုက မိမိ၏ကိုယ်ပိုင်ဖြစ်တည်လာသည့် ချမ်းသာမှုမျိုးမဟုတ်ပေ။

သို့ဖြစ်၍ ချမ်းသာကြွယ်ဝမှုကို အရွယ်ရလာသည်နှင့်အမျှ ရရှိလာနိုင်စေရန် ကြိုးစားရမည်သာဖြစ်သည်။ ယင်းသို့ ကြိုးစားမှုကိုအရာထင်လာစေရန်အတွက် မိမိကိုယ်ကို အစဉ်နှိုးဆော်နေရမည်လည်းဖြစ်သည်။ မိမိစိတ်ကို လှုံ့ဆော်မှုပေးကာ နိုးကြားနေရမည်လည်းဖြစ်ပေသည်။

မိမိကိုယ်တိုင် ရိုးသားစွာကြိုးစားမှုဖြင့် ရရှိလာသော ချမ်းသာကြွယ်ဝမှုက ပိုမိုတန်ဖိုးရှိပေသည်။ "ကိုယ့်အစွမ်းအစမဟုတ်ဘဲ အချောင်ဆက်ခံရရှိသော ငွေကြေးတို့သည် အောင်မြင်ခြင်းအတွက် အနှောင့်အယှက် ဖြစ်တတ်၏။ အချောင်ရသောငွေကြေးသည် မွဲခြင်းထက်ဆိုးသေး၏" ဟူ၍ ဆရာကြီးရွှေဥဒေါင်းက အကြံဉာဏ်ဖြင့် ကြီးပွားရေးစာအုပ်တွင် ဖော်ပြထားသည်။

"ကိုယ်တိုင်ရှာကြံသောငွေမဟုတ်ဘဲ မိဘများထံမှ အမွေအနှစ်ရရှိသော သူဌေးသူကြွယ်တို့၏ သားသမီးများကို ဆိုလိုသည်" ဟုလည်း ဆရာကြီးရွှေဥဒေါင်းက အဆိုပါစာအုပ်တွင် ပါရှိသော ဆုံးရှုံးရခြင်းအကြောင်းကြီး (၃၀) ကို ရေးသားဖော်ပြရာ၌ ထည့်သွင်းထားပေသည်။

သို့ဖြစ်၍ မိဘမျိုးရိုးစဉ်ဆက်ချမ်းသာမှုကြောင့် ချမ်းသာမှုအမွေကို ရရှိကာ ချမ်းသာကြွယ်ဝလာကြသူများကို အားမကျပါနှင့်။

"မိမိကိုယ်သာ ကိုးကွယ်ရာ" အဖြစ် နှလုံးသွင်းကာ စိတ်ကို ဒုန်းဒုန်းချပြီး "ငါလုပ်မှငါရမည်၊ ငါရမှ ငါအောင်မြင်မည်၊ ငါအောင်မြင်မှ ငါကြီးပွားချမ်းသာနိုင်မည်" ဟူသည့် စစ်မှန်သည့် အတွေးအမြင်ထားရှိကာ ကိုယ်စွမ်းကိုယ်စကို မြှင့်တင်တတ်ရန်လိုသည်။

ကမ္ဘာကျော် သန်းကြွယ်သူဌေးကြီးများသည် လွယ်လွယ်ဖြင့် ချမ်းသာကြွယ်ဝလာကြသူများမဟုတ်။ ကျားကုတ်ကျားခဲ ကြိုးစားရုန်းကန်ခဲ့ကြရသူများသာဖြစ်သည်။

မိမိ၏စိတ်တန်ခိုးကို ကိုယ်ကိုယ်တိုင် အစွမ်းထက်အောင် ကိုယ့်ကိုယ်ကိုယ် သင်ယူခြင်း၊ ကိုယ့်ကိုယ်ကိုယ် အားကိုးခြင်း၊ ကိုယ့်ကိုယ်ကိုယ် ပျိုးထောင်ခြင်းတို့ဖြင့်သာ အစကနဦးအခြေအနေများကို ဖြတ်သန်းရသူချည်းဖြစ်သည်။

ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် သင်ယူမှုအတွက် စိတ်အားထက်သန်မှုရှိခြင်းက များစွာအခရာကျပေသည်။ ယင်းကြောင့်လည်း စိတ်အားထက်သန်မှု မြင့်မားလျှင် မြင့်မားသလောက် ကိုယ့်ကိုယ်ကိုယ် သင်ယူနိုင်မှု၌ များစွာအထောက်အကူပြုရာရောက်မည်လည်း ဖြစ်သည်။

"စိတ်အားထက်သန်ခြင်းသည် ကူးစက်ပျံ့နှံ့စေတတ်သော သတ္တိရှိသည်ဖြစ်၍ အောင်မြင်ခြင်းအတွက် အလွန်တရာအရေးကြီးပေသည်။"

ဆရာကြီးရွှေဥဒေါင်း၏ တန်ဖိုးမဖြတ်နိုင်သော မှတ်သားဖွယ်ရာ ဘဝအောင်မြင်ရေးသဘောတရားပင်။

လူတိုင်းလူတိုင်းသည် အချိန် ၂၄ နာရီကို ညီမျှစွာပိုင်ဆိုင်ထားကြသူများဖြစ်လေရာ အချိန်ကို တန်ဖိုးရှိစွာ အသုံးချနိုင်ရန်အတွက် မိမိ၏စိတ်စွမ်းအားကို ထိန်းချုပ်နိုင်မှု၊ ဦးဆောင်နိုင်မှုစွမ်းအားတို့ ကွာခြားမှုများကြောင့်သာ ချမ်းသာကြွယ်ဝမှုများနှင့် အောင်မြင်မှုအတိုင်းအဆများ ကွာခြားနေကြရခြင်းသာဖြစ်သည်။

"သင်မွေးဖွားစဉ်က ဆင်းရဲရခြင်းသည် သင့်အပြစ်မဟုတ်ပေ။ သို့သော် အကယ်၍ သင်သည် ဆင်းဆင်းရဲရဲဘဝနှင့် သေဆုံးရမည်ဆိုပါက သင်၏အပြစ်သာဖြစ်ပေသည်"ဟု ကမ္ဘာကျော်သန်းကြွယ်သူဌေးကြီး ဘီ(လ်)ဂိတ်(စ်)က အတိအလင်း ပြောကြားထားပြီးလည်း ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် ဘဝမှာ အောင်မြင်ကြီးပွားချမ်းသာလိုကြသော မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် လူတိုင်းလူတိုင်းသည် ကိုယ့်ကိုယ်ကိုယ်သင်ယူနိုင်မှုများကို နားလည်တတ်သိကာ မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် ကြိုးစားကြမည်ဆိုလျှင် ကြီးပွားချမ်းသာမှုဟူသည်က မလွဲမသွေ ရရှိလာမည်ဖြစ်ပေတော့သည်။ ။

# မေတ္တာကြီးမားသူဖြစ်ချင်သလား

မောင်ထူးချွန်

သူတစ်ပါးကို ဦးစားပေးသည့်ခံယူချက်။
သူတစ်ပါးကို စာနာသောစေတနာ။
မိမိက ဘာပေးရမလဲဟုသာ စဉ်းစားခြင်း။
ချစ်ခင်လေးစားစရာ ကြည်ညိုချင်စရာ။

မောင်တို့ မယ်တို့အနေနဲ့ ဖော်ပြပါ စာလေးကြောင်းကို သုံးခေါက်ခန့် အသံထွက်ဖတ်ကြည့်စေချင်ပါတယ်။ သုံးခေါက်လောက်ဖတ်လိုက်မိမယ်ဆိုရင်တော့ မောင်တို့မယ်တို့တွေ အခြေခံအားဖြင့်တော့ သဘောပေါက်လာမှာ ဖြစ်ပါတယ်။

မေတ္တာတရား ကြီးမားသူဖြစ်ချင်တယ်ဆိုရင် ဖော်ပြပါအခြေခံအချက်လေးချက်ကို လိုက်နာခြင်းအားဖြင့် မေတ္တာစွမ်းပကားတွေ တိုးပွားလာမှာ အမှန်ပါပဲ။

လူလူချင်း ပေါင်းသင်းဆက်ဆံကြရမှာ ရယူလိုတဲ့တပ်မက်မှုထက်၊ မုန်းတီးရန်ရှာတဲ့ ဒေါသအမျက်ထက် ကိုယ်ကဘာပေးရမလဲလို့ ဦးစားပေးပြီး စဉ်းစားတတ်တဲ့သူ၊ သူတစ်ပါးကို ဦးစားပေးတဲ့ခံယူချက်ထားကာ သူတစ်ပါးကို ဦးစားပေးတတ်သူ၊ သူတစ်ပါးကို စာနာသောစေတနာထားနိုင်တဲ့ နားလည်မှုအရှိဆုံးသောသူ၊ ဆက်ဆံမိတဲ့သူတိုင်းကို ချစ်ခင်လေးစားစရာ ကြည်ညိုချင်စရာပုဂ္ဂိုလ်တွေလို့တွေးပြီး သဘောထားကြီးနိုင်သူ၊ ချစ်ခင်လေးစားစရာ ကြည်ညိုချင်စရာပုဂ္ဂိုလ်အဖြစ် မိမိကိုယ်ကို ခံယူဆောက်တည်နိုင်တဲ့သူ စတဲ့ အခြေခံအချက်တွေနဲ့ ပြည့်စုံသူဖြစ်ဖို့ လိုအပ်ပါတယ်။

အဲဒီလို ခံယူဆောက်တည်နိုင်မယ်ဆိုရင် မေတ္တာတရားလွှမ်းခြုံသူဖြစ်လာပေမပေါ့။

မောင်တို့ မယ်တို့သာမက အရွယ်မရွေးသော လူတိုင်းလူတိုင်း မေတ္တာကြီးမားသူတွေ ဖြစ်နိုင်ကြတာပါပဲ။ ဖြစ်နိုင်တဲ့အခွင့်အလမ်းတွေ ရှိနေကြတာပါပဲ။ ရှုမြင်တတ်တဲ့အရည်အချင်းအရ မေတ္တာတရားထားရှိနိုင်မှုတွေ ကွာခြားသွားရခြင်းဖြစ်ပေတယ်။ ဘယ်နေရာပဲဖြစ်ဖြစ်၊ ဘယ်အရာပဲဆိုဆို အကောင်းချည်းလည်းမရှိနိုင်သလို အဆိုးချည်းလည်း မရှိနိုင်ပါဘူး။

အကောင်းမြင်သူက အကောင်းကို ဆိုကြမယ်။ မကောင်းမြင်သူက အဆိုးကိုဆိုကြမှာပါပဲ။ မလွန်ဆန်နိုင်တဲ့ လောကနိယာမတစ်ခုပါပဲ။

ဒီသဘောတရားကို လက်ခံနိုင်သူ၊ နားလည်သဘောပေါက်သူတွေ လောကမှာ များများစွာရှိဖို့ လိုပါတယ်။ များများရှိမယ်ဆိုရင် မေတ္တာတရားကြီးမားရာရပ်ဝန်း ကျယ်ပြန့်နိုင်မှာလည်းဖြစ်တယ်။

ကမ္ဘာကြီးက ပကတိတရားမှာ သူ့ဘာသာသူ ကမ္ဘာကြီးပါပဲ။ နေဂြိုဟ်ကြီးနဲ့ယှဉ်တဲ့အခါ သေးငယ်ပါတယ်။ လနဲ့ယှဉ်ရင်တော့ ပိုကြီးနေတယ်ပေါ့။ ကြီးတယ်၊ ငယ်တယ်ကို ဆိုလိုရင်းမဟုတ်ပါ။ နေ၊ ကမ္ဘာ၊ လတို့ကိုကြည့်ရင် ကမ္ဘာပေါ်ကနေ နေ့ဘက်မှာဆိုရင် နေကိုမြင်ရပြီး ညဘက်မှာဆိုရင် လကို မြင်ရမှာပါပဲ။ အခြေခံသဘောတရားကိုသာ တွေးကြည့်ကြည့်ပါ။

အမြင်သဘောအရဆိုရင် မေတ္တာပါတဲ့အခါ အရာရာအဆင်ပြေမှာသေချာပါတယ်။ မေတ္တာ အရင်းခံနဲ့ ဆက်ဆံသမျှ ဘေးရန်ဟူသမျှ ကင်းဝေးငြိမ်းအေးရစမြဲမဟုတ်ပါလား။

ခက်ထန်မှုအားလုံးဟာ ဒီလူအသုံးမကျဘူး၊ ဟိုပုဂ္ဂိုလ်ကတော့ အခွင့်ရေးသမား၊ ဒီငနဲက တစ်ယူသန် တဇောက်ကန်း ဒီလိုသာပုတ်ခတ်တိုက်ခိုက်၊ ရှုတ်ချအပြစ်ဆိုမှုတွေဟာ ပင်ကိုစာတိခံအရင်းအမြစ်တွေ၊ ရှုထောင့်အမြင်တွေ တိမ်းစောင်းနေလို့သာဖြစ်နိုင်တယ်။

ဘယ်သူမှ ခြောက်ပြစ်ကင်းမရှိနိုင်ပါ။ အကောင်းအဆိုး၊ အတော်အညံ့အမျိုးမျိုးက ယှဉ်တွဲရှိနေကြမှာပါပဲ။ လူလူချင်းအပြစ်မတင်၊ အပြစ်မမြင်ကြဘဲ အကြည့်အမြင်ရှုထောင့် မလွဲအောင်သာ မိမိရဲ့အရင်းအမြစ်မှာ မေတ္တာအရင်းခံကြရမှာဖြစ်တယ်။ လူကောင်းတွေကသာ ကောင်းတဲ့အတွေးကောင်းတဲ့အကြံကို ပြုမူကြကာ ကောင်းတဲ့စကားကိုပြောပြီး ကောင်းတဲ့လုပ်ဆောင်မှုတွေကို လုပ်ဆောင်ကြမှာပါပဲ။

ဒေါသ၊ မောဟ လုံးဝကင်းစင်မှုဟာ မေတ္တာတရားအဖြစ်သက်ဝင်တယ်။

မေတ္တာလက်နက်ဟာ အတိုင်းအဆမရှိ အကြီးမားဆုံး၊ အပြင်းထန်ဆုံးအရာပဲဖြစ်တယ်။ မေတ္တာထက် ပိုမိုထိရောက်နိုင်တဲ့အရာ ဘာမျှမရှိပါ။

သူတစ်ပါးကို အပြစ်အနာအဆာ ရှာဖွေကြည့်ရှုမနေဘဲ မိမိနဲ့ထိတွေ့လာရင် နှစ်ဦးနှစ်ဖက်ကောင်းကျိုးကိုကြည့်ကာ တိုးတက်နိုင်မယ့်အရာကိုသာ စဉ်းစားကြရမှာလည်းဖြစ်တယ်။ လုပ်ဆောင်ကြရမှာလည်းဖြစ်ပေတယ်။

မေတ္တာတရားရှေ့ထားမှုတွေကြောင့် အောင်မြင်မှုတွေကို ရရှိနိုင်မှာဖြစ်တယ်။

သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စာနာထောက်ထားခြင်း၊ တရားမျှတစွာဆက်ဆံခြင်းတို့ဟာ မိမိတို့အားလုံးအတွက် ကောင်းကျိုးချမ်းသာကို ရရှိစေမှာလည်းဖြစ်ပေတယ်။

လူလူချင်း ဆက်ဆံပေါင်းသင်းရာမှာလည်း အပြစ်အနာအဆာရှာပြီး တိုက်ခိုက်ပုတ်ခတ်နေကြမယ့်အစား ခွင့်လွှတ်စာနာကာ မေတ္တာအရင်းခံထားပြီး လက်တွဲပူးပေါင်းကြမယ်ဆိုရင် ပိုမိုကောင်းကျိုးမရနိုင်ဘူးလား။ သွေးကွဲခြင်းရဲ့အပြစ်အများတွေကို သင်ခန်းစာကောင်းကောင်းယူကာ ချစ်ခင်စည်းလုံးခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ ကောင်းမွေဆိုးမွေအထွေထွေကို ညီညွတ်စွာမျှဝေခံစားခြင်းတွေနဲ့ အနာဂတ်ကို ကောင်းစွာတည်ဆောက်သင့်ကြပြီ မဟုတ်ပါလား။

မောင်တို့ မယ်တို့အနေနဲ့ မျှတစွာတွေးခေါ် မြော်မြင်မှုတို့ကိုအသုံးချကာ လောကကို ရှုမြင်သုံးသပ်နိုင်ကြမယ်ဆိုရင် လောကသဘာဝ အလှတရားတို့ကို မြင်သာထင်ရှားစွာ တွေ့မြင်ခံစားနိုင်မှာလည်းဖြစ်ပေတယ်။

အမြင်နဲ့ရှုထောင့်ကို မျှတစွာခံစားနိုင်ပြီဆိုရင်တော့ လူ့အချင်းချင်းဆက်ဆံရာမှာ အထူးဝန်ဆောင်မှုတစ်ခုပေးလိုက်ပါ။ တန်ဖိုးကြီးအရာလည်း မဟုတ်ပါ။ မလုပ်နိုင်စရာလည်း မရှိပါ။ ဒီဝန်ဆောင်မှုက ပင်ပန်းတကြီးလည်း မဟုတ်ပါ။ ငွေကုန်ကြေးကျလည်းမရှိပါ။ အထူးတလည် ကြိုးစားရမယ့်အရာလည်း မဟုတ်ပါ။ ခက်ခက်ခဲခဲအရာမျိုးလည်း မဟုတ်ပါ။ လွယ်ကူပြီး ရိုးရှင်းလှပါတယ်။

အချိုမြိန်ဆုံးသော အပြုံးဝန်ဆောင်မှုပဲ ဖြစ်ပါတယ်။

လူအချင်းချင်း ဆက်ဆံရာမှာ အဆောတလျင် အပြုံးကိုအရင်မျှဝေလိုက်ပါ။ အဝေးကပင် အပြုံးပန်းဖြင့် နှုတ်ဆက်နိုင်ပါတယ်။ အပြုံးပန်းကား မေတ္တာတရားရဲ့ရှေ့ပြေးပါပဲ။ အထူးဝန်ဆောင်မှုအဖြစ် အပြုံးကိုသာ တွင်ကျယ်အောင် အသုံးချလိုက်ပါ။ အပြုံးတစ်ခုကိုသာ လက်ကိုင်သုံးကာ ကိုယ်က ဦးအောင်နှုတ်ဆက်လိုက်ခြင်းဖြင့် ကိုယ့်ဘက်က အဦးဆုံးမေတ္တာကို ကမ်းလင့်လိုက်ခြင်းလည်းဖြစ်ပေတယ်။

“သူတစ်ပါးကို ဦးစားပေးသည့်ခံယူချက်၊ သူတစ်ပါးကို စာနာသောစေတနာ၊ မိမိက ဘာပေးရမလဲဟုသာ စဉ်းစားခြင်း၊ ချစ်ခင်လေးစားစရာ ကြည်ညိုချင်စရာ” ဆိုတဲ့ မေတ္တာတရားကို ဖော်ကျူးရာ၊ မေတ္တာတရားကို လှုံ့ဆော်ရာ၊ မေတ္တာတရားကို ပျိုးထောင်ရာအဖြစ် မောင်တို့မယ်တို့အနေနဲ့ ခံယူဆောက်တည်နိုင်ကြမယ်ဆိုရင် “မေတ္တာကြီးမားသူ” ဆိုတဲ့ဘွဲ့ကိုအလိုလိုအပ်နှင်းခံရမှာပဲ ဖြစ်ပေတယ်။ ။

■

# လာရာအရပ်ကို ရှာပါ

အောင်မြတ်စည်သူ

လူအများစုက ပန်းတိုင်တစ်ခုခုသို့ သူတို့ရောက်လျှင် ပြည့်ဝရမည်ဟုထင်ကြသည်။ ထို့အပြင်မှာ သိပ်မလှမ်းလှသော အကွာအဝေးမှာဖြစ်သည့်တိုင်အောင် အပြင်တစ်နေရာတွင် ပျော်ရွှင်မှုရှိသည်ဟု သူတို့ထင်ကြသည်။

တစ်ခုသောပန်းတိုင်သို့ ရောက်ရှိခါမှ သင့်ကိုယ်သင် ကျေနပ်အားရမည်ဟု ပြည့်ဝစိတ်ကို ရွှေ့ဆိုင်းခြင်းနှင့်ပတ်သက်သော ပြဿနာကား ထိုအဖြစ် ဘယ်အခါမျှ မကြုံသည့်အနေသို့ ဆိုက်ရောက်နိုင်ခြင်းပင်ဖြစ်သည်။ ပန်းတိုင်သို့ရောက်ရှိရန် သင်ကြိုးကုတ်နေသည့်တစ်ချိန်လုံး ယင်းဘယ်တော့မျှ မဖြစ်ပေါ်လာနိုင်ကြောင်းလည်း သင်သိသည်။ သို့ဖြင့် သင့်ပျော်ရွှင်မှုကို သင့်မှာမရှိသေးသောအရာတစ်ခုကို ချိတ်ဆက်ခြင်းဖြင့် သင်သည် သင့်အတွက်သင် ပျော်ရွှင်မှုဖန်တီးခွင့်ကို ငြင်းပယ်နေသည်။

လူများစွာတို့သည် သူတို့၏ကိုယ်ရေးစိတ်မချမ်းသာမှုကို ကိရိယာတစ်ခုအဖြစ် အသုံးပြုကြသည်။ သူတို့၏ ကိုယ်ပိုင်ရိုးသားဖြူစင်မှုနှင့် စေတနာအထောက်အထားဖြင့်ပြသည်။ သို့တိုင်အောင် ဘယ်ရီကော့ဖ်မန်းက To Love Is to Be Happy With စာအုပ်တွင် စကားကြွယ်စွာ ထောက်ပြထားသကဲ့သို့ပင် စိတ်မချမ်းမသာဖြစ်ရန် မလိုအပ်ချေ။ သင်ပျော်ရွှင်စွာပင် ရိုးသားဖြူစင်နိုင်သည်။ သင်သည် ပျော်ရွှင်လျက် စာနာထောက်ထားမှုရှိနိုင်သည်။ အတိအကျပြောရပါလျှင် မပျော်ရွှင်သောအချိန်တွင် တစ်စုံတစ်ယောက်ကို ချစ်နေခြင်းသည် အချစ်အဖြစ် ပီပီပြင်ပြင်ပေါ်လွင်ခြင်းမရှိချေ။

‘အချစ်သည် သရုပ်တူအောင် သဏ္ဌာန်လုပ်သည်’ ဟု အမေရိကန်ဘာသာရေးဂုရုကြီးတစ်ဦးဖြစ်သူ အမ်အက်စ်ဖော့ဒ်က ဆိုသည်။

သီချင်းရေးဆရာ ဖရက်နိုက်ဖ်နှင့် ကျွန်တော်သည် ကျွန်တော်တို့လူသားများ မပျော်ရွှင်မှုကို အသုံးပြုပုံနှင့် အလွဲအသုံးပြုတတ်လာပုံနှင့်ပတ်သက်၍ မကြာမတင်ကာလက ပြောဆိုဖြစ်ခဲ့ကြသည်။ သူက လူတို့ ဘာကြောင့်စိတ်မကောင်းသလို ခံစားရသည့် လျှို့ဝှက်အကြောင်းများကို ကျွန်တော့်အတွက် စာရင်းတစ်ခုပြုစုပေးခဲ့သည်။

“ကျွန်တော် စိတ်မကောင်းဖြစ်နေရင် ကျွန်တော် လူကောင်းဖြစ်ကြောင်း အဲဒါအထောက်အထားပဲ။ ဒါမှမဟုတ် ကျွန်တော် စိတ်မကောင်းဖြစ်နေရင် ကျွန်တော်တာဝန်ရှိတယ်။ ကျွန်တော် စိတ်မကောင်းဖြစ်နေရင် ကျွန်တော် ဘယ်သူ့ကိုမှ ထိခိုက်မနေစေဘူး။ ကျွန်တော်စိတ်မကောင်းဖြစ်နေရင် ကျွန်တော်အလေးထားတယ်ဆိုတဲ့ သဘောသက်ရောက်တယ်။ ကျွန်တော်စိတ်မကောင်းဖြစ်နေရင် ကျွန်တော် လက်တွေ့ကျကျအမြင်ရှိပြီး သိနားလည်လို့ဆိုတာ သက်သေပဲ။ ကျွန်တော်စိတ်မကောင်းဖြစ်နေရင် ကျွန်တော်တစ်စုံတစ်ရာ လုပ်ကိုင်နေတယ်ဆိုတဲ့သဘောပဲ” ဟု သူက ပြောကြားခဲ့သည်။

ထိုစာရင်းသည် ကျွန်တော်တို့ကို မပျော်ရွှင်စရာ၊ တစ်နည်း စိတ်မကောင်းစရာ အကြောင်းတရားပေါင်းများစွာ ရရှိစေသည်။ သို့သော် (ကိုယ်ရေးအသွင်ပြောင်းမှုဆိုင်ရာကဏ္ဍ ဦးဆောင်ဦးရွက်ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ) ဝါနာအာဟတ်က သူ၏ထင်ရှားလှသော est နှီးနှောဖလှယ်ပွဲများတွင် အမြဲတစေသင်ကြားပေးသကဲ့သို့ပင် ပျော်ရွှင်မှုသည် သွားရောက်နိုင်အောင် ကြိုးစားရမည့်နေရာတစ်ခု မဟုတ်။ လာခဲ့ရာနေရာတစ်ခုဖြစ်ရမည်။ ကျွန်တော်သည် အာဟတ်နေထိုင်အလုပ်လုပ်ကိုင်ရာနေရာ ရုရှားနိုင်ငံသို့လှမ်း၍ ဝါနာအာဟတ်အား ဂြိုလ်တုမှတစ်ဆင့် အင်တာဗျူးလုပ်နေခဲ့သော လာရီကင်း၏ အစီအစဉ်ကို တစ်ကြိမ်တစ်ခါက ကြည့်ခဲ့ဖူးသည်။ အာဟတ်က မကြာမတင်ကာလတွင် သူအမေရိကန်နိုင်ငံသို့ ပြန်လာကောင်း ပြန်လာမည်ဟုပြောလိုက်ပြီး လာရီကင်းကလည်း အိမ်ပြန်လာနေခြင်းက သူ့ကိုပျော်ရွှင်စေသလားဟု မေးမြန်းခဲ့သည်။ အာဟတ် တစ်ခဏ မသက်မသာနှင့် တန့်သွားသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ဘဝအမြင်တွင် ကျွန်တော်တို့ကို မပျော်ရွှင်စေသောအကြောင်းမရှိချေ။ နောက်ဆုံးတွင် သူကပြောလိုက်သည်။

‘လာရီ…ကျွန်တော်က ပျော်ရွှင်နေပြီပဲ။ ကျွန်တော်ဘာပဲလုပ်လုပ် ပျော်ရွှင်မှုက လာခဲ့တာမို့ အဲဒါ ကျွန်တော့်ကို ပျော်ရွှင်စေမှာ မဟုတ်ဘူး’။

သင်၏ ပျော်ရွှင်ချမ်းမြေ့မှုသည် သင်၏ မွေးရာပါအခွင့်အရေးဖြစ်သည်။ သင်တစ်စုံတစ်ရာကို အထမြောက်အောင် ဆောင်ရွက်နိုင်စွမ်းအပေါ် တည်မှီခြင်းမရှိသင့်ချေ။ ထိုမွေးရာပါအခွင့်အရေးကို ရယူခြင်းဖြင့် အစပြုပါ။ အဆုံးတွင် ပျော်ရွှင်ရန်သက်သက်အတွက်သာမဟုတ်၊ သင့်ဘဝတိုးတက်ရေးအတွက် အသုံးပြုခြင်းဖြင့် တစ်လျှောက်လုံး ပျော်ရွှင်မှုကိုရယူပါ။

Ref: Find a place to come by Steve Chandler

# ဟသ်ာတမြို့နယ်၌ ပဆင-နဂျီကုန်း-ကညင်ကောက် ကတ္တရာလမ်းဖွင့်ပွဲကျင်းပ



**ဟသ်ာတ ဖေဖော်ဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် ပဆင-နဂျီကုန်း-ကညင်ကောက် ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဟသ်ာတမြို့နယ် နဂျီကုန်းကျေးရွာရှိ အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပခဲ့သည်။

လမ်းသစ်ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မို့မို့ဇာနည်ကြိုင်က လမ်းနှင့်ပတ်သက်သော အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်ပြီးရှင်းလင်းတင်ပြကာ ကျေးရွာပြည်သူလူထုကိုယ်စား ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် လမ်းသစ်မုခ်ဦးရှေ့တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း၊ အဖွဲ့ဝင် (၁ )ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်ဝင်းတို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယခုဖွင့်လှစ်ခဲ့သော ပဆင-နဂျီကုန်း-ကညင်ကောက် လမ်းကို စုစုပေါင်းကုန်ကျငွေ ကျပ် ၂၇၂ ဒသမ ၈၄ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပတ်ဝန်းကျင်ကျေးရွာပေါင်း ရှစ်ရွာမှ အိမ်ခြေ ၇၂၉ အိမ် လူဦးရေ ၂၉၇၀ တို့အတွက် အကျိုးပြုမည်ဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးမှူးထံမှသိရသည်။

**ကိုဇော်(ဟသ်ာတ)**

❖ ရန်ကုန်မြို့တွင်းမှ

စည်ပင်သာယာရေးကော်မတီဌာနများက ပြုပြင်ထိန်းသိမ်းအကောင်အထည်ဖော်ဆောင်ရွက်နေကြပြီ ဖြစ်သည်။

ရန်ကုန်မြို့၏ အဝေးပြေးလမ်းမကြီးကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဘုန်းကြီးလမ်းထိပ်မှ ပဲခူးတိုင်းဒေသကြီး ပြည်မြို့အထိ ပြည်လမ်းကြီးကို အဝေးပြေးလမ်းမကြီးအဖြစ် စတင်ဖောက်လုပ်ခဲ့သဖြင့် ပြည်မြို့ကို အစွဲပြု၍ ပြည်လမ်းဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

ပြည်လမ်းမကြီးသည် ရန်ကုန်မြို့၏ စီးပွားရေးအရ အချက်အချာကျသော လမ်းမကြီးဖြစ်သည့်အပြင် ရန်ကုန်မြို့တွင်းမှ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အချိန်တိုအတွင်း သွားရောက်နိုင်သော လမ်းမကြီးလည်းဖြစ်၍ ရန်ကုန်မြို့ပြ၏ ပြယုဂ်လည်းဖြစ်ခြင်းကြောင့် ယာဉ်သွားလာမှု ဘေးကင်းလုံခြုံလျင်မြန်စေရန်နှင့် လမ်းဘေးဝဲ/ယာတစ်လျှောက်ရှိ ပုဂ္ဂလိကပိုင်၊ အများပိုင်နှင့် ဌာနဆိုင်ရာခြံစည်းရိုးများ အမြင်တင့်တယ်စေရန် ဆေးသုတ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် နေထိုင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်လာစေရန် အသိပေးဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။

ယခုလက်ရှိတွင် ပြည်လမ်းတစ်လျှောက် လမ်းဘေးဝဲ/ယာရှိ မြေနေရာ အနိမ့်အမြင့်များကို ပြုပြင်ခြင်း၊ ရှုပ်ထွေးနေသော ချုံနွယ်များရှင်းလင်းခြင်း၊ ယာဉ်သွားလမ်းနှင့် မလွတ်ကင်းသော အရိပ်ရသစ်ပင်များကို လှပတင့်တယ်စေရန် ပြုပြင်ခြင်း၊ ခြံစည်းရိုးနှင့် ကပ်လျက်အများပြည်သူသုံး public Area နေရာများ၌ ရောင်စုံရွက်လှပင်များနှင့် မြက်ခင်းများစိုက်ပျိုးခြင်း၊ လူသွားစင်္ကြံများ စနစ်တကျကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းခြင်း၊ မိုးရာသီကာလလမ်းများပေါ်၌ ရေကြီးရေလျှံမဖြစ်စေရန် ရေစီးရေလာစီမံခန့်ခွဲခြင်းလုပ်ငန်းများကိုလည်း ပူးတွဲဆောင်ရွက်လျက်ရှိသည့်အပြင် လျှပ်စစ်ဓာတ်အားပေးမီးတိုင်၊ တယ်လီဖုန်း၊ အင်တာနက်တိုင်နှင့် မြေအောက်ကေဘယ်လ်ကြိုးစသည်တို့ကိုလည်း စနစ်တကျရှိစေရန် သက်ဆိုင်ရာဦးစီးဌာနများနှင့် ပူးပေါင်းဖယ်ရှားဆောင်ရွက်လျက်ရှိသည်။

အကောင်အထည်ဖော်ဆောင်ရွက်ပြီး စိုက်ပျိုးထားသော မြေယာရှုခင်းများကို အစဉ်သန့်ရှင်းစိမ်းလန်းစေရေးအတွက် ရေဖျန်းခြင်း၊ ရေပိုက်လိုင်းအသစ်များ သွယ်တန်းခြင်း၊ ပြည်လမ်းတစ်လျှောက် အမှိုက်ကင်းစင်စေရန် နံနက် ၄ နာရီမှ ၆ နာရီအတွင်း လင်းပြောင်အမှိုက်သိမ်းစနစ်ကိုလည်း အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသည်။

ယခုလက်ရှိ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရန် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက စမ်းချောင်းမြို့နယ် မြေနီကုန်းတံတားအဆင်းမှ ဟံသာဝတီအဝိုင်းကြား၊ ကမာရွတ်မြို့နယ် ပြည်လမ်း ရန်ကုန်စီးပွားရေးတက္ကသိုလ် မာလာဆောင်ရှေ့နှင့် ဆယ်မိုင်ကုန်းအပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းဘေးဝဲယာတို့တွင်လည်းကောင်း၊ လေဆိပ်ဝန်းကျင်တွင် Mingalar Sky Co., Ltd. ကလည်းကောင်း သန့်ရှင်းစိမ်းလန်းလှပတင့်တယ်စေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ- စောရွှေဂွန်း**

# "အခ္ခလီအငြိမ့်" ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် MRTV မှ ဝန်ထမ်းများ ပါဝင်ဖျော်ဖြေတင်ဆက်သည့် "အခ္ခလီအငြိမ့်" ဖျော်ဖြေပွဲကို ဖေဖော်ဝါရီ ၁၅ ရက် (အင်္ဂါနေ့) ည ၈ နာရီသတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။




ယင်းဖျော်ဖြေမှုကို MRTV အသံလွှင့်ဌာနခွဲမှ ဦးစီးအရာရှိဦးစောမင်းနောင်က စီစဉ်ပြီး မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ MRTV မှ ဝန်ထမ်းများဖြစ်ကြသည့် ခေါင်းဆောင်မင်းသမီး မြနန္ဒာ၊ ရှေ့ထွက်မင်းသမီး မြတ်ဆုချယ်၊ လူရွှင်တော်များဖြစ်ကြသည့် စောမင်းနောင်၊ ကျော်မင်းစိုး၊ လင်းဇော်နိုင်၊ စိုင်းစည်သူ၊ မျိုးကျော်သူနှင့် ကျော်သူရ တို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဖေဖော်ဝါရီ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း National News အင်္ဂလိပ်ဘာသာ သတင်းအစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျ မြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ် စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၃၁-၁-၂၀၂၂ ရက်နေ့မှအဆက်)

**အနာထပိဏ်သူဌေး ဘုရားရှင်အားဖူးမြင်ခြင်း**

ဘုရားရှင်သည် ကပိလဝတ်ပြည်မှ မဂဓတိုင်း ရာဇဂြိုဟ်ပြည်သို့ ကြွလာသည်။ ထို့နောက် ဝေဠုဝန်ကျောင်းတိုက်၌ ဒုတိယ၊ တတိယ၊ စတုတ္ထဝါသုံးဝါကပ်၍ သီတင်းသုံးတော်မူလေသည်။

သာဝတ္ထိပြည်၌ အလွန်ချမ်းသာကြွယ်ဝသော သူဌေးတစ်ဦးရှိသည်။ ၎င်းသည် ဆွေခုနစ်ဆက် ချမ်းသာကြွယ်ဝသောသူဖြစ်ပါသည်။ ၎င်း၏ အမည်မှာ "သုဒတ္တ" အမည်ဖြစ်ပါသည်။ ၎င်းသည် ဆင်းရဲသူ ငတ်မွတ်သည့် ဖုန်းတောင်းစားများကို နေ့စဉ်အလှူလုပ်၍ စားဖွယ်များဖြင့် ကျွေးမွေးပေးကမ်းလျက်ရှိပါသည်။ နေ့မပြတ် အစဉ်ကျွေးမွေးလုပ်ဆောင်သူဖြစ်ပါသည်။ ဤလှူဒါန်းသောကြောင့် ၎င်းအား "အနာထပိဏ္ဍိက" အမည်ရလေသည်။ သူသည် အနာထပိဏ်ဟု ထင်ရှားကျော်ကြားပါသည်။

သူသည် ရာဇဂြိုဟ်၌နေသော သူဌေး "ဝိသာလ"၏နှမ "ပုညလက္ခဏာ"နှင့် ထိမ်းမြားသည်။ သူတို့သူဌေးနှစ်ဦးသည် ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည်တွင် နှစ်ပြည်ထောင် ကုန်ရောင်းကုန်ဝယ်ပြုကြလေသည်။ ကူးလူးဆက်ဆံကြပါသည်။ တစ်နှစ် နှစ်ခေါက် သုံးခေါက်လောက် တစ်ပြည်နှင့်တစ်ပြည် သွားလေ့ရှိကြပါသည်။ ယင်းသို့ သွားသည့်အခါ၌ တစ်ဦးက တစ်ဦးပြည်သို့ သွားသည်။ ကြိုရန် ကြိုတင်၍ အကြောင်းကြားကြပါသည်။ ထို့ကြောင့် ၎င်းတို့နှစ်ဦးသည် သူ့ပြည်လာလျှင် သူကကြိုသည့် အလေ့အထရှိကြပါသည်။ ယင်းသို့သွားရာတွင် တစ်ဦးအိမ်တွင် တစ်ဦး တည်းခိုလျက်ရှိကြပါသည်။

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် "သီတဝန" မည်သောတောကျောင်း၌ ဒုတိယဝါကပ်တော်မူသည်။ ထိုအချိန်၌ အနာထပိဏ်သူဌေးသည် သာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည်သို့ လှည်းများဖြင့် ကုန်ရောင်းထွက်လာပါသည်။ ဤခရီးထွက်လာရာ၌ သာဝတ္ထိပြည်သူဌေး အနာထပိဏ်သူဌေးသည် မြို့သို့မရောက်မီ တစ်ယူဇနာကြို၍ သူဌေး "ဝိသာလ" ကို အကြောင်းကြားပါသည်။ သူ့အား လာကြိုရန် အကြောင်းကြားခြင်းဖြစ်ပါသည်။ တစ်ဦးနှင့်တစ်ဦး ဤသို့ သူ့ဆီသွားလျှင် သူက ကြိုသည် စသည်ဖြင့် လုပ်လေ့ဆောင်ရွက်လေ့ရှိကြပါသည်။

ထိုအချိန်၌ ရာဇဂြိုဟ်ပြည်သူဌေး "ဝိသာလ" သည် ဘုရားရှင်သီတင်းသုံးနေသော "သီတဝန" တောကျောင်းသို့သွားပြီး တရားနာနေသည်။ ထို့အပြင် နံနက်ပိုင်း နံနက်ဆွမ်းအတွက် ဘုရား



အားပင့်ဖိတ်ပြီးပြန်လာပါသည်။ သူသည် ဘုရားရှင်နှင့် သံဃာတော်တို့အား မနက်ဖြန်ဆွမ်းကပ်ရန်အတွက် ဝေယျာဝစ္စကိစ္စလုပ်ဆောင်နေသည်။ သာဝတ္ထိသူဌေး အနာထပိဏ်သူဌေးက သူလာကြောင်း ကြိုရန်သတင်းပို့ထားသည်ကို ဂရုမစိုက်ဘဲ ဆွမ်းကိစ္စစီစဉ်နေသည်။ ထိုသို့အားဖြင့် အနာထပိဏ်သူဌေးသည် သူ့အား "ဝိသာလ" သူဌေးကို လာကြိုစောင့်ရင်းနှင့်အတူ ရာဇဂြိုဟ်ပြည်ထံသို့ လာခဲ့ပါသည်။ သူ့သားစောင့်ကြိုနေသည်။ သူဌေး "ဝိသာလ" လာမကြိုပါ။ ဘုရားဆွမ်းကိစ္စအတွက် ဆောင်ရွက်နေခြင်းကြောင့်ဖြစ်သည်။

ဤသို့ဖြင့် သူဌေး အနာထပိဏ်သည် "ဝိသာလ" သူဌေးအိမ်သို့သာ ရောက်သည်၊ ၎င်းလာမကြိုပါ။ သို့သော် သူဌေး အနာထပိဏ် သူ့အိမ်ရောက်လျှင် သာကြောင်း၊ မာကြောင်း ခရီးဦးကြိုပြုနှုတ်ဆက်ပါသည်။ "ဝိသာလ" သည် သူသည် နံနက် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းဖိတ်ထား၍ သူစီစဉ်ရသည့်အတွက် လာမကြိုဖြစ်ကြောင်း ပြော၍ ပျူပျူငှာငှာကြိုဆိုပါသည်။

ထိုအခါ "ဘုရား" ဟူသောအသံကို အနာထပိဏ်ကြားသိရသော် အလွန်မှဝမ်းမြောက်ရွှင်မြူးကြည်နူးနေလေသည်။ ထို့အပြင် "ဝိသာလ" သူဌေးအား သူ့ကို ဘုရားထံသို့လိုက်ပို့ရန် အနာထပိဏ်သူဌေးကပြောကြားပါသည်။ ထိုအခါ "ဝိသာလ" သူဌေးက အချိန်နှောင်းပြီဖြစ်၍ မသွားရန်နှင့် မနက်ဖြန် ဘုရားအား ဆွမ်းကပ်သောအခါမှ တဝကြီး ဖူးမြော်ရန်ပြောကြားလေသည်။ သို့သော် အနာထပိဏ်သူဌေးသည် ဘုရားဆီသို့သာ သူ့အာရုံရောက်နေသည်။ ညအိပ်သောအခါ ညဦးယံ၌ မိုးလင်းပြီထင်၍ ဘုရားထံသို့သွားသည်။ သုံးကြိမ်တိုင်တိုင် အိပ်ရာမှမှားပြီးထသည်။ မြို့ပြင်သို့ရောက်သော် အမှောင်တိတိဖြစ်၍ အနာထပိဏ်သူဌေးသည် ကြောက်လန့်ထိတ်လန့်နေသည်။ ထိုအခါ "သီဝက" မည်သော နတ်ဘီလူးက ရှေ့သို့ဆက်သွားပါဟု လမ်းညွှန်ပေးသည်။ ထိုအချိန်တွင် သူဌေး ဆက်သွားခဲ့ပါသည်။ ထို့အပြင် သူတွေးနေသည်မှာ သူ့မိဘများက ပေးထားသောအမည်မှာ "သုဒတ္တ" ဖြစ်သည်။ "သုဒတ္တ"အမည်ကို လူအများက မသိကြပါ။ အနာထပိဏ်သူဌေးအမည်ကိုသာ သိကြပါသည်။ သူ့ငယ်အမည်ကို သိသူက ရှားပါသည်။ ဘုရားဟု အမည်တိတ္ထိများနှင့်ကွဲပြားပြီး ဘုရားအစစ်ဖြစ်လျှင် သူ့အား "သုဒတ္တ"ဟု ခေါ်မည်ဟု သိထားပါသည်။ ဘုရားရှင်သည် သူဌေးအနာထပိဏ် လာနေသည်ကိုမြင်သည်။ စင်္ကြံသွားရာမှ သူနှင့်သင့်တော်ရာနေရာတွင် ထိုင်နေပါသည်။ ဘုရားရှင်သည် သူ့နားသို့ သူဌေးရောက်ပြီး ဖူးမြင်တော်မူသည့်အခါ သူဌေးထင်သည့်အတိုင်း "သုဒတ္တ" ဟုခေါ်၍ သူ့အကြောင်း ပြောလေသည်။ ထိုအခါ သူဌေးသည် အားရဝမ်းမြောက်ရွှင်လန်းသည်။ ဘုရားရှင်ကလည်း တရားဟောသည်။ သူဌေးသည် သောတာပန်ဖြစ်၍ ရတနာသုံးပါးကို ဆောက်တည်ခံယူလေသည်။ သူဌေးသည် ဘုရားရှင်နှင့် သံဃာတော်များအား နံနက် "ဝိသာလ" သူဌေးအိမ်သို့ ဆွမ်းဖိတ်ခဲ့ပြီး ပြန်လာခဲ့ပါသည်။

ဘုရားရှင်သည် သူဌေးအနာထပိဏ် လာနေသည်ကို မြင်သည်။ စင်္ကြံသွားရာမှ သူနှင့်သင့်တော်ရာနေရာတွင် ထိုင်နေပါသည်။ ဘုရားရှင်သည် သူ့နားသို့ သူဌေးရောက်ပြီး ဖူးမြင်တော်မူသည့်အခါ သူဌေးထင်သည့်အတိုင်း "သုဒတ္တ" ဟုခေါ်၍ သူ့အကြောင်း ပြောလေသည်။ ထိုအခါ သူဌေးသည် အားရဝမ်းမြောက်ရွှင်လန်းသည်။ ဘုရားရှင်ကလည်း တရားဟောသည်။ သူဌေးသည် သောတာပန်ဖြစ်၍ ရတနာသုံးပါးကို ဆောက်တည်ခံယူလေသည်

ယင်းအကြောင်းကို ဝိသာလသူဌေးအား အနာထပိဏ်သူဌေးက ပြောသောအခါ "ဝိသာလ" သူဌေးက သူသည်အိမ်ရှင်ဖြစ်၍ ဆွမ်းကိစ္စဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွမ်းကပ်ရုံသာကပ်ဟု ပြောသည်။ အနာထပိဏ်က လက်မခံပါ။ ထို့အပြင် ရာဇပြည့်ရှင် ဗိမ္ဗိသာရမင်းနှင့် ပြည်သူသူဌေးအပေါင်းကလည်း သူတို့ဆွမ်းကိစ္စအားလုံးကို ပယ်၍ သူကိုယ်တိုင် ဆွမ်းကိစ္စဆောင်ရွက်ပါသည်။ နောက်နေ့နံနက် ဘုရားနှင့်တကွ သံဃာတော်များအား ဆွမ်းကပ်သည်။ "ဝိသာလ" သူဌေးအိမ်တွင် ဖြစ်ပါသည်။ ဘုရားရှင် ဆွမ်းပြီးသောအခါ အနာထပိဏ်သူဌေးက ဘုရားရှင်အား သာဝတ္ထိပြည်သို့သွား၍ သီတင်းသုံးတော်မူရန် လျှောက်ထားသည်။ ဘုရားရှင်က ဘုရားရှင်တို့သည် ဆိတ်ငြိမ်အေးငြိမ်းသောနေရာ၊ အရပ်၌နေသည်ဟုပြောပြီး တရားဟော၍ ပြန်သွားလေသည်။

သူဌေးကြီးသည် ဘုရားပြောသည့်အချက်ကို သူသိသည်။ အနာထပိဏ်သူဌေးလည်း ရာဇဂြိုဟ်တွင် သူပြုဖွယ်ရှိသည့်လုပ်ငန်းကိစ္စများပြီးသော် သာဝတ္ထိပြည်သို့ ပြန်လေသည်။

သူပြန်သောအခါ၌ ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည်တို့သည် ၄၅ ယူဇနာ ကွာဝေးသည်။ သို့ဖြစ်၍ သူ့မိတ်ဆွေသူဌေးများ ခေါ်ယူစေ၍ အသပြာတစ်သိန်းစီပေးခဲ့သည်။ ဤနှစ်ပြည်ထောင်ကြားတွင် သင်တို့မြို့ရွာများ၌ ကျောင်းဆောင်တစ်ဆောင်စီဆောက်လုပ်ပေးပါဟု မှာခဲ့လေသည်။

ဤသို့ စီစဉ်ဆောက်လုပ်ပြီးသော ကျောင်းဆောင်များ ဆောက်လုပ်ရာ သာဝတ္ထိပြည်သို့ရောက်သောအခါ ဘုရားရှင်အား သီတင်းသုံးရန်အလို့ငှာ သင့်တော်သည့်နေရာကို ရွေးချယ်၍ ရှာဖွေနေရာပေးတော်မူခဲ့လေသည်။

**အနာထပိဏ်သူဌေးသည် ဇေတဝန်ကျောင်း ဆောက်ခြင်း**

အနာထပိဏ်သူဌေးကြီးသည် ဘုရားရှင်အား ရည်မှန်းပြီး ကျောင်းဆောက်လုပ်သည်။ ကျောင်းဆောက်ရန် မြေကွက်ကို ရှာရပါသည်။ ရှာသောအခါ၌ အင်္ဂါငါးချက်နှင့်ညီသောနေရာကို ရှာပါသည်။ အင်္ဂါငါးချက်မှာ (၁) မြို့နှင့် မနီးလွန်းခြင်း၊ (၂) မြို့နှင့်မဝေးလွန်းခြင်း၊ (၃) သွားလမ်းလာလမ်း လွယ်ကူချောမောခြင်း၊ (၄) လူတို့နှင့်မရောနှောဘဲ ဆူညံခြင်းကင်းခြင်း၊ (၅) သူတော်ကောင်းများ ပျော်မွေ့ဖွယ်ရှိခြင်းတို့ ဖြစ်ပါသည်။

ယင်းသို့ရှာသောအခါ ဇေတမင်းသား၏ ဥယျာဉ်ကိုတွေ့ပါသည်။ ၁၆ ပယ်ကျယ်သောဥယျာဉ်ဖြစ်ပါသည်။ ထိုဥယျာဉ်သည် အထက်ပါ အင်္ဂါငါးချက်နှင့် ညီညွတ်ပြည့်စုံသောကြောင့် အနာထပိဏ်သူဌေးက ရွေးချယ်သည်။ သို့သော် ပိုင်ရှင်ဖြစ်သော ဇေတမင်းသားအား ဤဥယျာဉ်ကို ရောင်းရန်၊ ကျောင်းဆောက်လိုကြောင်းပြော၍ ဝယ်သည်။

ဇေတမင်းသည် ဤဥယျာဉ်မြေပေါ်သို့ အသပြာအပြည့်ခင်းသည့် အသပြာပေးသော်လည်း သူမပေးနိုင်ကြောင်းပြောပါသည်။ သူဌေးက ဇေတမင်းပြောသည့်အတိုင်း အသပြာကို ပေးပါမည်ဟုပြောသည်။ ဇေတမင်းသားက ဤဥယျာဉ်မြေကို သူရောင်းမည်ဟု မပြောပါ။ ထိုသို့အားဖြင့် သူတို့နှစ်ဦးသည် အချင်းများနေသည်။

နောက်ဆုံး၌တရားရုံး တရားအမတ်များထံသို့ အချင်းများရင်းဖြင့် ရောက်သွားကြလေသည်။ တရားသူကြီးအမတ်များက သူတို့နှစ်ဦး၏ ပြောဆိုချက်များကို သေချာနားထောင်၍ ဆုံးဖြတ်ပေးလိုက်ပါသည်။ အသင်ဇေတမင်းသားသည် ဤဥယျာဉ်မြေနှင့်တစ်စပ်တည်း အသပြာများ အပြည့်ခင်းသည့်အတိုင်း မပေးနိုင်ကြောင်းဆိုသည့်အတွက် ရောင်းဈေးကို သတ်မှတ်ပြီးဖြစ်ပါသည်။ ရောင်းရန်နှင့် သူဌေးကြီးဝယ်ရန်တို့ကို ဆုံးဖြတ်ပေးလိုက်ပါသည်။

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် လှည်းဖြင့်သယ်၍ အသပြာတို့ကို ဥယျာဉ်မြေအား တရစပ်ခင်း၍ ဝယ်သည်၊ ယင်းသို့ဝယ်ရာတွင် လည်းကောင်း၊ အသပြာခင်းရာတွင် တံခါးမုခ်ဦးမြေကွက်လပ်တွင် ငွေအသပြာဖြည့်ရန် လိုနေကြောင်းသိရပါသည်။ သူဌေးကြီးက သူ့ကျွန်များအား လိုသောအသပြာကို သွားယူရန် စေလွှတ်လေသည်။ ထိုအခါ ဇေတမင်းသည် သူဌေးကြီး၏ အလှူရက်ရောသည်ကို အံ့သြနေသည်။ ထို့ကြောင့် သူက ယင်းလစ်လပ်နေသော မြေကွက်ကို သူ့အားပြန်ပေးပါ သူလှူမည်ဖြစ်ကြောင်း ပြောသည်။ ဤနေရာလေးကို ဇေတမင်းသားသည် မုခ်တံခါးတွင် မုခ်ဦးပြာသာဒ်ဘုံခုနစ်ဆင့်ဖြင့် ဆောက်လုပ်လှူဒါန်းပါသည်။ (ဆက်လက်ဖော်ပြပါမည်)

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၈၆ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၆ ဒသမ ၆၄ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၃,၈၇၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၈၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၆ ဒသမ ၆၄ ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၇၁၃,၆၉၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၄၈,၃၅၇) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅၄၆)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၈,၀၇၆)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ(၁)ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၁၁)ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center)များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့်

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

## (၁၄-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၈၆) ခု | (၁၆၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၀) ခု | (၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၉၉) ခု | (၆၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၁) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၀၃) ခု | (၁၄၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၈၇၁) ခု | (၁၇၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၉,၂၁၄) ခု | (၁,၀၃၁) ဦး |
| စုစုပေါင်း | (၂၃,၈၇၄) ခု | (၁,၅၈၆) ဦး |

ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ တစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၇ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Blood Pressure Monitor ၈၂၈၂ ခု၊ Commode Wheel Chair ၄၈၀၊ Walker ၉၅၂ ခု၊ Quad Cane ၁၅၀၀၊ Commode Chair ၄၃၄ ခု၊ Forearm Crutch ၁၀၀ နှင့် ဆေးဝါးမျိုးစုံ ၂၉ မျိုး စုစုပေါင်း ၁၄၁၈၂၄ ဒသမ ၆၈ ကီလိုဂရမ်၊ နယ်စပ် (လွယ်ဂျယ်၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီ ရှစ်ခုမှ နှာခေါင်းစည်း ၂၃၆၄၂ ကီလိုဂရမ်၊ PAI B Plex Injection ၁၁၅၀၀၊ Vitamin C Tablet ၁၄၄၀၊ Syringe ၇၄၄၀ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၉၃၂၅၅၇၆ | ၄၉၈၃၆၈၉၃ | ၉၄၃၄၁၁ |
| ၂။ | အိန္ဒိယ | ၄၂၆၆၅၃၄ | ၄၁၆၇၇၆၄၁ | ၅၀၉၀၄၃ |
| ၃။ | ဘရာဇီး | ၂၇၄၈၃၀၃၁ | ၂၃၇၈၃၄၄၃ | ၆၃၈၄၄၉ |
| ၄။ | ပြင်သစ် | ၂၁၇၀၈၈၂၇ | ၁၆၆၆၆၁၀၉ | ၁၃၄၈၀၄ |
| ၅။ | ဗြိတိန် | ၁၈၃၀၆၈၅၉ | ၁၆၀၂၉၇၂၅ | ၁၅၉၅၇၀ |
| ၆။ | ရုရှား | ၁၄၃၁၃၉၆၅ | ၁၁၃၃၃၀၄၄ | ၃၄၀၉၃၁ |
| ၇။ | တူရကီ | ၁၂၉၀၈၃၂၁ | ၁၁၉၈၅၃၇၀ | ၉၀၅၄၂ |
| ၈။ | ဂျာမနီ | ၁၂၃၈၇၀၇၈ | ၈၈၃၈၈၀၀ | ၁၂၀၅၈၀ |
| ၉။ | အီတလီ | ၁၂၁၀၅၆၇၅ | ၁၀၃၁၅၉၈၇ | ၁၅၁၀၁၅ |
| ၁၀။ | စပိန် | ၁၀၆၀၄၂၀၀ | ၇၃၆၁၆၉၄ | ၉၅၉၉၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၈၄၄၂၇၉ | ၄၃၂၃၁၀၁ | ၁၄၅၃၂၁ |
| ၂။ | ဖိလစ်ပိုင် | ၃၆၃၉၉၄၂ | ၃၅၀၈၂၃၉ | ၅၅၀၉၄ |
| ၃။ | မလေးရှား | ၃၀၄၀၂၃၅ | ၂၈၅၂၄၃၇ | ၃၂၁၂၅ |
| ၄။ | ထိုင်း | ၂၆၀၈၂၂၇ | ၂၄၅၅၈၃၂ | ၂၂၄၆၅ |
| ၅။ | ဗီယက်နမ် | ၂၅၄၀၂၇၃ | ၂၂၃၂၉၄၇ | ၃၉၀၃၇ |
| ၆။ | မြန်မာ | ၅၄၈၃၅၇ | ၅၁၈၀၇၆ | ၁၉၃၁၁ |
| ၇။ | စင်ကာပူ | ၄၆၉၄၉၅ | ၄၃၀၀၈၅ | ၈၉၇ |
| ၈။ | လာအို | ၁၃၉၂၄၄ | ၁၃၄၈၄၇ | ၅၉၇ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၃၉၅၅ | ၁၁၈၉၆၀ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၂၃၉၉၂ | ၁၇၄၁၄ | ၉၈ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

ဦးကောင်းမိုးသည် သားဖြစ်သူ၏ မျက်နှာကို ပိုမိုစူးစိုက်ကြည့်လာသည်။

"ဒီမယ်သားရဲ့။ ဖေဖေပြောတာက အဓိပ္ပာယ်တစ်မျိုးပါ။ ခင်ခင်ကြီးကို သား အတည်ယူချင်မှယူ။ သူ့ထက်သာတာကို ရှာချင်ရှာဦး။ လောလောဆယ်မှာ အပျော်ဖြစ်ဖြစ် ယူနိုင်တာကို ဖေဖေပြောတာ"

မောင်မောင်ဦးသည် ဖခင်၏စကားကို နားမခံသာသည့်နှယ် ရှိသည်။ ဖြစ်နိုင်လျှင် နားကို ပိတ်ထားလိုက်ချင်သည်။ ဖေဖေ့ရှေ့မှောက်မှ ထွက်ပြေးလိုက်ချင်သည်။

သူသည် ဖခင်ဖြစ်သူအား နာကြည်းသောအမူအရာဖြင့် စိုက်ကြည့်သည်။

"ကျွန်တော် . . . ကျွန်တော် အိပ်ပါရစေတော့ဖေဖေ"

"ဟင် . . ."

"ကျွန်တော့်ဘာသာ နေပါရစေ။ ကျွန်တော် အိပ်ပါရစေတော့ ဖေဖေရယ်။ ဘာမှ ဆက်ပြီး မကြားပါရစေနဲ့တော့။ သူတို့နဲ့ပတ်သက်ပြီး ဘာမှ မကြားရဘဲနေတာဟာ ကျွန်တော့်အတွက် အကောင်းဆုံးဖြစ်ပါလိမ့်မယ် ဖေဖေ"

x x x x x

[ ၁၁ ]




စူးစူးရှရှအေးမြလှသော မြောက်ပြန်လေသည် ငြိမ့်ညောင်းစွာ စီးဆင်းလျက်ရှိသော ဧရာဝတီမြစ်ရေပြင်ကို ထိတွေ့နှုတ်ဆက်ခဲ့ပြီးနောက် သောင်အထက်သို့ တက်လာသည်။ သဲသောင်အပြန့်ပေါ်မှာ အစိမ်းရင့် ကတ္တီပါခြုံလွှာကို ခြုံရင်း ငိုက်မျဉ်းနေသည့် ပဲခင်းကို မတွေ့ရ။ ပြောင်းခင်းများမှာလည်း ခြောက်သွေ့နွမ်းနယ်နေသည်။ ရိုးပြတ်တောပမာဖြစ်နေသည်။ လူတို့ မိရိုးဖလာ ကိုင်းလုပ်ငန်းကို မလုပ်နိုင်ခဲ့သည်မှာ ကြာချေပြီ။ မြောက်ပြန်လေသည် ထိုနေရာကိုထားခဲ့ကာ ကမ်းအထက်သို့ တက်လာသည်။ ကမ်းပေါ်တွင်လည်း အခြေအနေအရပ်ရပ် ပြောင်းလဲနေကြောင်း တွေ့ရသည်။ နေရာတကာမှာပင် တိုက်အိမ်ပျက်နှင့် မီးကျွမ်းတိုင်ငုတ်နှင့် မီးသင့်ရွက်ကြွေပင်များနှင့် ချည်းသာပင်။

ရေနံ့သာကို ရောက်လာသည်။ ရေနံ့သာသည်လည်း အခါတိုင်းကနှင့်မတူ။ သာယာချမ်းမြေ့ဖွယ်ဖြစ်မနေလေတော့။ အခြားသော အရာများနည်းတူပင် ပျက်စီးယိုယွင်းခြင်းက ကြီးစိုးထားသည်။ ပြတင်းတံခါးတစ်ခုမှ ဝင်ခဲ့သည့်တွင် ပြတင်းပေါက်ကို မျက်နှာပြုလျက် ထိုင်နေသော မိန်းမလှလေးတစ်ယောက်နှင့် တွေ့ရသည်။ မိန်းမလှကလေး၏ အသွင်အပြင်ကပင်လျှင် ယခင်နှင့် ခြားနားနေပါပကော။

မြောက်ပြန်လေအေးအနေနှင့် အဘယ်မျှအေးမြသော အထိအတွေ့ကို ပေးစွမ်းနိုင်သည်ဆိုစေကာမူ ထိုမိန်းကလေး၏ ရင်ကိုကား အေးမြချမ်းမြေ့စေခြင်းငှာ တတ်သာမည်မထင်ရ။ ခင်ခင်ကြီးသည် မြောက်ပြန်လေ၏ စူးရှအေးမြသော အတွေ့အထိကြောင့် ကျောထဲမှာ စိမ့်တက်လာသည်။ အင်္ကျီလည်ပင်းကြယ်သီးကို တပ်လိုက်သည်။ ဆောင်းကာလ၏ နံနက်ခင်းသည် နှင်းဖြင့် မှုန်ရီလျက်ရှိလေသည်။ လောကအလုံး ဝေမှုန်လျက်ရှိလေသည်။ ခင်ခင်ကြီး၏ စိတ်သန္တာန်မှာလည်း ဆောင်းကာလနှယ်ပင်မှိုင်းနေသည်ဟု ထင်သည်။ သူမသည် နံနက်စောစောကတည်းက နိုးလာသည်။ ပြတင်းတံခါးကိုဖွင့်လျက် ပြင်ပရှုခင်းကို ကြည့်နေသည်။ အခြားသူများ အိပ်ရာမှ နိုးထခြင်း မရှိကြသေး။

ငှက်ကလေးများသည် ခင်ခင်ကြီးနှင့်အတူ နိုးထကြသည်။ အခါတိုင်းကလိုပင် စိုးစိုးစီစီအသံများ ညံစီလာသည်။ သူတို့၏ ဘဝကား အပူပင် အကြောင့်အကြကင်းပေစွ။ ဖြစ်နိုင်မည်ဆိုလျှင် သူတို့၏ဘဝကို ခဏတစ်ဖြုတ် ရယူချင်စမ်းပါဘိတော့သည်။

ဦးအောင်ခန့်အား ဂျပန်တို့ဖမ်းဆီးသွားခဲ့သည်မှာ ခုနစ်ရက်တာမျှရှိလေပြီ။ ဖမ်းသွားပြီးကတည်းက သတင်းမကြားရတော့။ ကိုထွန်းခင်သည် အိမ်အတွင်းမှာပင် ဝရမ်းပြေး ဖြစ်နေသည်။ လူရိပ်လူယောင်မျှပင် မပြဝံ့။ အကယ်၍ ဦးအောင်ခန့်နှင့် သူ့ကိုယ်ကို လဲလှယ်၍ရမည်ဆိုလျှင် လဲလှယ်လိုသည်ဟု ဆိုသေးသည်။ ဤသည်ကို ဒေါ်မြလေး သဘောမတူ။ အခွင့်မပြု။

မိမိတို့ အဆွေအမျိုးထဲမှ လူတချို့ထံ ဒေါ်မြလေးသွားသည်။ အကူအညီတောင်းသည်။ မြို့တွင် ယခင်က ဩဇာတိက္ကမရှိခဲ့သူများမှာ ယခုအခါ သာမန်မျှ ဖြစ်နေသည်။ အချို့သည်လည်း ရှောင်တိမ်းနေကြရသည်။ သို့ဖြစ်၍ ဦးအောင်ခန့်နှင့် ပတ်သက်ကာ သတင်းအစအနရဖို့ပင် မလွယ်ကူ။ ဂျပန်စစ်ဗိုလ် ယာမာကူဒါသည် စကားပြန်နှင့်အတူ ရေနံ့သာသို့ နှစ်ကြိမ်တိုင် ရောက်လာခဲ့သေးသည်။ သူ့တွင် လက်ဆောင်ပစ္စည်းများ ပါလာတတ်သည်။ ခင်ခင်ကြီးတို့ သူ့အား အတွေ့မခံ။ အိမ်အထက်ထပ်တွင် ပုန်းအောင်းနေခဲ့ကြသည်။ ဒေါ်မြလေးနှင့်ပင် တွေ့ဆုံစကားပြောရသည်။

ဒေါ်မြလေးက ယာမာကူဒါ၏ လက်ဆောင်ပစ္စည်းများကို လက်မခံ။ အတင်းအကျပ်ပြန်ပေးသည်။ ယာမာကူဒါက ဒုတိယအခေါက်တွင် ခင်ခင်ကြီးနှင့်တွေ့လိုသည်။ စကားပြောလိုသည်ဟု ဆိုသည်ကို ဒေါ်မြလေး မသိကျိုးကျွန်ပြုသည်။ အမှုမဲ့အမှတ်မဲ့ နေခဲ့သည်။ ဤသည်ကို ယာမာကူဒါ သဘောကျဟန်မပြဘဲ ပြန်သွားရသည်။ ထိုစဉ်က ဒေါ်မြလေးသည် ယာမာကူဒါအား လက်ဝတ်ရတနာအချို့ကို ပြခဲ့သည်။ အကယ်၍ ဦးအောင်ခန့်အား လွှတ်ပေးခဲ့လျှင် ရတနာအချို့ကိုပေးရန် ဝန်မလေးပါဟုဆိုသည်။ ယာမာကူဒါသည် ရတနာများကို တပ်မက်ဟန်ပြသည်။ သို့ရာတွင် ယူရန် ငြင်းဆိုသည်။ သူ့စိတ်အတွေး၌ ရတနာတစ်ရပ်ရှိနေပုံရသည်။ ထိုရတနာကား ခင်ခင်ကြီးမှလွဲ၍ အခြားအရာ မဖြစ်နိုင်ပါပေ။

အန္တရာယ်သည် မိမိ၏နောက်၌ ကပ်လျက်ရှိကြောင်း ခင်ခင်ကြီး သတိထားမိသည်။ ယာမာကူဒါအနေနှင့် တစ်နည်းမဟုတ်တစ်နည်းဖြင့် အန္တရာယ်ပေးလာမည်ကို မြင်ယောင်သည်။

အိမ်၌ ဖေဖေရှိမနေလေပြီဆိုသောအခါ အားငယ်ရသည်။ ဖေဖေရှိနေခြင်းမှာ အဘယ်မျှ အားထားဖွယ်ဖြစ်သည်ဆိုခြင်းကိုလည်း နားလည်လာသည်။

တစ်ချိန်က ဖေဖေ့အနေနှင့် အဘယ်မျှနာကြည်းဖွယ်ရာများကို ဖန်တီးခဲ့သည်ဆိုစေ၊ ယခုလိုအခါမျိုးတွင် ဖေဖေ့အား နာကြည်းနိုင်ခြင်း မရှိ။ စင်စစ် ဖေဖေသည် အဆိုးတစ်ဝက် အကောင်းတစ်ဝက်ဖြစ်သည်။ အလျှော့အတင်းရှိသည်။ သည်မှာဘက်ပိုင်း၌ ဖေဖေကောင်းခဲ့သော ကျေးဇူးတရားမှာ မေ့ပျောက်နိုင်ဖွယ်မရှိ။ မိမိတို့အပေါ်၌ ဖခင်တစ်ယောက်အနေနှင့် တာဝန်ကျေခဲ့သည်ဟုပင် ခင်ခင်ကြီး ထင်ပါသည်။

ဖေဖေ၏ လွတ်မြောက်ရေးကို မျှော်တွေးကာ စိတ်မောနေရသည်။ ညအခါများတွင် ကောင်းစွာအိပ်ပျော်နိုင်ခြင်း မရှိ။ နံနက်ပိုင်းကျတော့လည်း စောစီးစွာနိုးနေတတ်သည်။

ယာမာကူဒါမှတစ်ဆင့် ဖေဖေလွတ်မြောက်ရေးကို ကြိုးစားဖို့ဆိုသည်မှာကလည်း ကျောချမ်းဖွယ် ကောင်းပါဘိ။ ဤသည်ကို ခင်ခင်ကြီးအနေနှင့် ဝံ့ရဲခြင်းမရှိသလို မေမေ့အနေနှင့်လည်း မည်သည့်နည်းနှင့်မျှ ခွင့်ပြုလိမ့်မည် မထင်ပေ။ ထိုကိစ္စနှင့် စပ်လျဉ်းကာ လူတကာကပင် သတိပေးစကား ပြောကြားတတ်သည်။ သူတို့ပေးသော ဥပမာများမှာ နားနှင့်မနာ ဖဝါးနှင့်နာရမည်ဆိုသည်မျိုး ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းလှသည်။ မိန်းကလေးများ၏ ဘဝမှာ ဒီခေတ်တွင် စိုးစဉ်းမျှ လုံခြုံစိတ်ချရမှုမရှိ၊ အထူးသဖြင့် မိန်းကလေးတစ်ယောက် လှပနေခြင်းမှာ အန္တရာယ်ကို ဖိတ်ခေါ်နေသည်နှင့် တူလှပေသည်။

ဒေါ်မြလေး အိပ်ရာမှ နိုးလာသည်။

ဒေါ်မြလေးကို ကြည့်မြင်ရသည်မှာ ယှဲ့ယှဲ့သာ ကျန်တော့သည့်အသွင်ဖြစ်သည်၊ စိတ်ထောင်းကိုယ်ကြေဆိုသည်မျိုး။

"သမီး အစောကြီးနိုးနေတယ်လား"

ဒေါ်မြလေးက သမီးဖြစ်သူကို အားတင်း၍ ပြုံးထားရသောအပြုံးဖြင့် နှုတ်ဆက်သည်။

" ဟုတ်တယ်မေမေ။ မေမေညက အိပ်ပျော်ရဲ့လားဟင်"

"ပျော်ပါတယ်ကွယ်။ ခါတိုင်းညတွေက အိပ်ရေးပျက်ခဲ့ရတာ များပြီမဟုတ်လား။ အခုညကျတော့ လူက မတတ်နိုင်တော့ဘူးလေ"

ခင်ခင်ကြီးသည် မေမေ့အား ကရုဏာသက်စွာ စိုက်ကြည့်နေမိသည်။

"အင်း၊ တစ်ရက်ကူးခဲ့ပြန်ပြီ"

ဒေါ်မြလေးက တစ်ကိုယ်တည်း ညည်းညူသလိုဆိုသည်။ ဒေါ်မြလေး၏ စကားကို ခင်ခင်ကြီး ရုတ်တရက်နားမလည်မိ။

"ဘာပြောတာလဲမေမေ"

"သမီးရဲ့ဖေဖေကို ဖမ်းထားတာလေ။ တစ်ရက် ထပ်ပြီးကြာခဲ့ပြန်ပြီလို့ပြောတာ သမီး။ သူ့ခမျာ ဘယ်လိုခံစားနေရရှာမလဲမသိဘူး။ တခြားဟာကို မေမေ မကြောက်ပါဘူး။ ဂျပန်တွေက သူ့ကို ညှဉ်းပန်းနှိပ်စက်မှာကိုပဲ ကြောက်တယ်။ အဆုံးပြောရရင်တော့ မကျေနပ်လို့ တစ်ခါတည်း အသေသတ်ချင်သတ်၊ ခံသာသေးတယ်။ မသေမရှင်နဲ့ နှိပ်စက်နေမှာစိုးတယ်ကွယ်။ ကင်ပေတိုင်ဌာနချုပ်လုပ်ထားတဲ့နေရာက ဂျပန်တွေ ညှဉ်းဆဲလို့ ငယ်သံပါအောင် အော်တဲ့အသံတွေ အမြဲကြားရတယ်တဲ့သမီး။ တချို့တွေဟာဆိုရင် အဲဒီနေရာက လွတ်လာတဲ့တိုင် ညှဉ်းပန်းနှိပ်စက်ခံရတဲ့ဒဏ်ကြောင့် လူစဉ်မမီနိုင်တော့ဘူးလို့ ပြောသံကြားတယ်။ သမီးရဲ့ဖေဖေ အဲဒီလိုဖြစ်လာမှာကြောက်တယ်။ သူက နဂိုကတည်းက သိပ်သန်စွမ်းလှတာမဟုတ်ဘူး မဟုတ်လား"

ခင်ခင်ကြီးမှာ မေမေ၏စကားကို နားထောင်နိုင်စွမ်းမရှိသည့်နှယ် ဖြစ်လာသည်။ သူမကိုယ်တိုင်လည်း ဘာမျှ မပြောတတ်အောင်ရှိသည်။ မေမေ၏ စကားသံများ ဆက်လက်ထွက်ပေါ်လာသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

"ဦးအောင်ခန့်အား ဂျပန်တို့ဖမ်းဆီးသွားခဲ့သည်မှာ ခုနစ်ရက်တာမျှရှိလေပြီ။ ဖမ်းသွားပြီးကတည်းက သတင်းမကြားရတော့။ ကိုထွန်းခင်သည် အိမ်အတွင်းမှာပင် ဝရမ်းပြေးဖြစ်နေသည်။ လူရိပ်လူယောင်မျှပင် မပြဝံ့။ အကယ်၍ ဦးအောင်ခန့်နှင့် သူ့ကိုယ်ကို လဲလှယ်၍ရမည်ဆိုလျှင် လဲလှယ်လိုသည်ဟု ဆိုသေးသည်။ ဤသည်ကို ဒေါ်မြလေး သဘောမတူ။ အခွင့်မပြု။
ဂျပန်စစ်ဗိုလ် ယာမာကူဒါသည် စကားပြန်နှင့်အတူ ရေနံ့သာသို့ နှစ်ကြိမ်တိုင်ရောက်လာခဲ့သေးသည်။ သူ့တွင် လက်ဆောင်ပစ္စည်းများ ပါလာတတ်သည်။ ခင်ခင်ကြီးတို့ သူ့အားအတွေ့မခံ။ အိမ်အထက်ထပ်တွင် ပုန်းအောင်းနေခဲ့ကြသည်။ ဒေါ်မြလေးနှင့်ပင် တွေ့ဆုံ . . ."

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နိုင်ငံတော်တာဝန်ကို ဆက်လက်ထမ်းဆောင်မည့်အခြေအနေ

- မိမိတို့အစိုးရအနေနဲ့ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး အခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်တာဝန်ရယူထားချိန်မှာ တာဝန်တွေကို စွမ်းအားရှိသမျှ ထမ်းဆောင်ခဲ့သော်လည်း ပြည်တွင်း/ပြည်ပနှောင့်ယှက်ဟန့်တားမှုတွေ ရှိခဲ့ပါတယ်။
- လူတစ်ဦးချင်းစီ၏ လူ့အခွင့်ရေးမှာ လူလူချင်းလေးစားခြင်း၊ တန်ဖိုးထားခြင်းဟာ အရေးအကြီးဆုံးအချက်ဖြစ်ပါတယ်။ နိုင်ငံရှိမှလည်း နိုင်ငံသားတို့ရဲ့ ရပိုင်ခွင့်ကို တောင်းဆိုနိုင်ပါတယ်။
- နိုင်ငံပျက်သုဉ်းသွားသော်လည်းပဲ နိုင်ငံသားတစ်ဦးချင်းရဲ့ ရပိုင်ခွင့်ကို ကာကွယ်နိုင်တဲ့ နမူနာမျိုး ကမ္ဘာမှာ မရှိသေးပါဘူး။ အဖျက်၊ အမှောင့်၊ အနှောင့်အယှက်များ ကင်းဝေးမှသာ နိုင်ငံသားအခွင့်အရေးကို တောင်းဆိုနိုင်မှာပါ။
- အများအကျိုးထက် လူတစ်ဦးတစ်ယောက်အကျိုး ဖော်ဆောင်ဦးစားပေးရမယ်ဆိုတဲ့ အတွေးအခေါ်ဟာ ဒီမိုကရေစီအတွက် သူတော်ကောင်းဟန်ဆောင်ခြင်းသာ ဖြစ်ပါတယ်။
- နိုင်ငံတော်ကို လက်မခံတဲ့ ရည်ရွယ်ချက်၊ လုပ်ရပ်၊ လုပ်ဆောင်ချက်တို့ဟာ နိုင်ငံတော်အတွက် တာဝန်သိသိ လုပ်ဆောင်နေတဲ့ နိုင်ငံသားများကိုလည်း လက်မခံတဲ့သဘောဖြစ်ပါတယ်။
- နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကိုကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး (၃)ပါးကို ကာကွယ်ရန်ဖြစ်ပြီး ကျွန်တော်တို့ တပ်မတော်သားများဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိကသဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန် ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## သတင်းထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ဖနောင်ပင်မြို့၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌအဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ စုံညီစွာ ပါဝင်တက်ရောက်ရန် ၂၀၂၂ ခုနှစ် အာဆီယံဥက္ကဋ္ဌဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံက ကြိုးပမ်းဆောင်ရွက်မှုကို မြန်မာက အသိအမှတ်ပြုပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

## အာဆီယံ ယူ-၂၃ ပြိုင်ပွဲ အုပ်စု (ခ) ပွဲစဉ်အဖြစ် မြန်မာနှင့် မလေးရှား ယနေ့ကစားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

၂၀၂၂ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ခ) ပထမနေ့ကို ဖေဖော်ဝါရီ ၁၅ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မလေးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သော အုပ်စု (ခ)တွင် မလေးရှား၊ လာအိုတို့ သုံးသင်းသာပါဝင်ပြီး နောက်တစ်ဆင့် တက်ရောက်နိုင်ရေးအတွက် နှစ်ပွဲစလုံး အရေးပါနေသည်။ စာမျက်နှာ ၁၅ ကော်လံ ၃ သို့ ❒


ကမာရွတ်မြို့နယ် အင်းလျားကန်ပေါင်ရှိ ပြည်လမ်းကို မြင်တွေ့ရစဉ်။

## ရန်ကုန်မြို့တွင်းမှ အပြည်ပြည်ဆိုင်ရာလေဆိပ်အထိ သန့်ရှင်းစိမ်းလန်းလှပတင့်တယ်စေရန် မြေနေရာများ ဖော်ထုတ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့ ပြည်လမ်း မြေနီကုန်းတံတားအဆင်းမှ ဆယ်မိုင်ကုန်း အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင် လမ်းဆုံအထိ လမ်းဘေးဝဲ/ယာရှိ အမြင်မတင့်တယ်ဘဲရှိနေသော မြေနေရာများကို သန့်ရှင်းစိမ်းလန်းပြီး အမြင်တင့်တယ်စေရန် Public Area များအဖြစ် စနစ်တကျနှင့် ပြန်လည်ဖော်ထုတ်ကာ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စေရန်အတွက် ခေတ်စနစ်လိုအပ်ချက်နှင့်အညီ မြေယာရှုခင်းများကို ရန်ကုန်မြို့တော်

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖

**ယနေ့** ဖတ်စရာ

## ၂၀၅၀ ပြည့်နှစ်တွင် လာအိုနိုင်ငံ၏ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို သုည ရာခိုင်နှုန်းအထိ လျှော့ချမည်

စာမျက်နှာ » ၁၃

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၅၈၆ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၆ ဒသမ ၆၄ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၂၄